# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၄၇)


## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး အောင်မြင်စွာပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းသဘင်ခမ်းမရုံ၌ ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

### တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်များမှ သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး ဒုတိယနေ့အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး (၁၃/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး(၁၃/၂၀၀၆)ကျင်းပ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးပြီး အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း



**ရန်ကုန် နိုဝင်ဘာ ၁၅**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး (၁၃/၂၀၀၆)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

### တက်ရောက်

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ်ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* *

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

# ပြည်သူ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်

ဆီးချို၊ သွေးချိုရောဂါသည် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို အန္တရာယ်ပြုခြိမ်းခြောက်လျက် ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုရောဂါအဖွဲ့ကြီး၏ခန့်မှန်းချက်အရ ၂၀၀၃ခုနှစ်တွင် ကမ္ဘာပေါ်၌ ဆီးချို၊ သွေးချိုရောဂါရှင်ပေါင်း ၁၉၄သန်းခန့်ရှိနေပြီး ၂၀၂၅ခုနှစ်တွင် ၃၃၃သန်းခန့်အထိ တိုးပွားလာနိုင်ကြောင်း သိရသည်။

အဆိုပါရောဂါသည် လူတစ်ဦးချင်းစားသုံးသည့် အစားအစာ၊ စားသုံးမှုပမာဏအရ ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုမိုနေခြင်းနှင့် အဝလွန်ကဲခြင်းတို့ကြောင့် ရောဂါဖြစ်ပွားနှုန်းများလာကြောင်း သိရသည်။ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုနှင့်အတူ နှလုံးရောဂါနှင့် မျက်စိအမြင်ကွယ်ခြင်းကဲ့သို့သော ဆင့်ပွားရောဂါများ ဖြစ်ပွားနိုင်သည်။

ထို့အပြင် ဆီးချို၊ သွေးချိုရောဂါရှင်များ၌ အာရုံကြောများပျက်စီးခြင်းနှင့် ခြေထောက်များသို့ သွားသော သွေးကြောများကျဉ်းကာ သွေးလျှောက် မကောင်းတော့ခြင်းတို့ကြောင့် ခြေထောက်တွင် အနာများဖြစ်ပေါ်လာကာ နောက်ဆုံး၌ ခြေထောက်များ ဖြတ်ပစ်ရသည်အထိ တွေ့ကြုံခံစားကြရသည်။

ဆီးချို၊ သွေးချိုရောဂါကို ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော အစာအာဟာရများ မျှတစွာ စားသုံးခြင်းနှင့် ကိုယ်ကာယလှုပ်ရှားမှုများ တိုးတက်ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

အထူးသဖြင့် ဆီးချို၊ သွေးချိုရောဂါရှင်များအနေဖြင့် အဆိုပါရောဂါဖြစ်ပွားနေပါက တတ်ကျွမ်းနားလည်သော ဆရာဝန်များထံ အချိန်မီပြသစစ်ဆေး၍ ဆေးကုသမှု ခံယူကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူများအပိုင်းကလည်း ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိအမြင်ဖြင့် စနစ်တကျ စားသုံး၊ နေထိုင်ဂရုပြုဆင်ခြင်ခြင်းအပြင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရောဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေး

ရန်ကုန် နိုဝင်ဘာ ၁၅

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၈ရက် နံနက် ၉နာရီခွဲက ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဦးခင်မောင်လွင် ဦးဆောင်သောအဖွဲ့က တိုင်းအတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။**

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ခွဲစိတ်ကုသခံယူရန် စောင့်ဆိုင်းနေသော လူနာများနှင့် ခွဲစိတ်ပြီး လူနာများ၏ အဆောင်များသို့သွားရောက်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကာ တစ်ဦးချင်းစီအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးသည် သွေးအနှစ်နှင့် သွေးအရည်ကြည်ခွဲစက် (Allegra) နှင့် Sanyo အမျိုးအစား သွေးသိုလှောင် ရေခဲသေတ္တာတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်က လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပါမောက္ခဒေါက်တာ ဦးခင်မောင်လွင် ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၅ရက်မှ၁၀ရက်အထိ ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့အထိ ၈၃ဦးအား ခွဲစိတ်ကုသမှုပြီးစီးပြီး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ကျန်ရစ်မှုမရှိစေရန် သက်ဆိုင်ရာနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တိုင်းအားကစားကွင်း၌ ပြုလုပ်သော ၂၀၀၆ခုနှစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ၂၆မြို့နယ် အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ဖွင့်လှစ်ပေး၍ ဖျာပုံမြို့နယ်အသင်းနှင့် ဝါးခယ်မမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပါရမီကျောင်းတိုက်အမှတ်(၃)ဝိုင်း မဟာစန္ဒာရုံကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ၁၃၆၈ခုနှစ် နတ်တော်လဆန်း ၈ရက်မှ ၁၄ရက်အထိ (နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ၃ရက်အထိ) အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူကာ သာသနဓဇဓမ္မာစရိယ (LL.B) မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသက ပဋိစ္စသမုပ္ပာဒ်တရားအခြေခံထားပြီး ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရား ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) အရောက်ကြွရောက်ပါရန်နှင့် တရားစခန်းဝင် သံဃာတော်များနှင့် ယောဂီများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ လှူဒါန်းလိုပါက ဖုန်း-၅၇၁၉၅၅နှင့် ၅၆၆၂၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၀၀)**



# ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းများ စနစ်တကျထားသို သွင်းကုန်ထုတ်ကုန်များ စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိရေး ဂရုစိုက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၃ရက်တွင်အမှတ်(၃)ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်းရှိ ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များက ဖွင့်ဖောက်စစ်ဆေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများ စနစ်တကျ မပျက်မစီးထားသိုရန်၊ သွင်းကုန်ထုတ်ကုန်ပစ္စည်းများ စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် လုပ်ငန်းများ မှန်ကန် ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်၊ သင်္ဘောများပေါ်မှ ကုန်သေတ္တာများ တင်ချရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့မှု ရှိစေရေးတို့ကို မှာကြားပြီး ဆက်လက်၍ အိတ်စ်ရေးစက်ဖြင့်ကုန်သေတ္တာများ စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့ဝင်များသည် ဆူးလေဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော နိုင်ငံခြားကုန်တင်သင်္ဘောပေါ်မှ ဘိလပ်မြေအိတ်များ ဆိပ်ကမ်းသို့ ချနေမှုများနှင့် သစ်လုံးများ တင်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးတို့ အပါအဝင်လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပြီး ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အေးရှားဝေါလ်တံတား၌ ကုန်သေတ္တာများကို အိတ်စ်ရေးစက်ဖြင့်လည်းကောင်း၊ စစ်ဆေးရေးအဖွဲ့များက ဖွင့်ဖောက် စစ်ဆေးနေမှု အခြေအနေများကို လည်းကောင်း၊ ကုန်သေတ္တာများ သင်္ဘောပေါ်မှတင်ချနေမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့အလုံမြို့နယ် နွယ်သာကီလမ်း အမှတ် ၃၆နေဒေါက်တာ မောင်မောင်သန်း (မေတ္တာမွန်ဆေးခန်း) ၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



✳ ရှေ့ဖုံးမှ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ပြန်လည်



**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

စတင်ကျင်းပခဲ့ရာ ယခုအချိန်တွင် တစ်လကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း။

## အခြေခံမူများချမှတ်နိုင်ခဲ့

ယခုကျင်းပလျက်ရှိသည့်အမျိုးသားညီလာခံတွင် ယခင်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးတို့က အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြခဲ့ကြောင်း၊ ယင်းတင်ပြချက်များအနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးတို့၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကရယူပြီး ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

## ရှင်းလင်းပြောကြားခဲ့

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကိုလည်းကောင်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ အသီးသီး ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

## အကြံပြုချက်စာတမ်း

ယခုအခါ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးတို့က ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်းသည့် အကြံပြုချက်စာတမ်းများ ရေးသားပြုစုနိုင်ရန် ကိုယ်စားလှယ်အစုအဖွဲ့များအလိုက် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ အကြံပြုချက်စာတမ်းများ ရေးသားပြုစုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးက အကြံပြုချက်စာတမ်းများ ရေးသားပြီးစီးပါက အမျိုးသားညီလာခံစုံညီအစည်းအဝေးများကျင်းပကာ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြသွားကြမည်ဖြစ်ကြောင်း၊ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးတို့က အကြံပြုချက်စာတမ်းများကို ရေးသားပြီးစီးသည့်အခါတွင်လည်း အမျိုးသားညီလာခံစုံညီအစည်းအဝေးများကျင်းပကာ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုချက်စာတမ်းများကို ဖတ်ကြားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

## ဂရုပြုဆောင်ရွက်

အမျိုးသားညီလာခံ ကျင်းပလာသည်မှာ တစ်လကျော်ကြာမြင့်လာပြီဖြစ်သဖြင့် ကိုယ်စားလှယ်များ၏ စားသောက်နေထိုင်ရေး၊ သွားလာရေး၊ ကျန်းမာရေးကိစ္စများနှင့်စပ်လျဉ်း၍ ညီလာခံကာလတစ်လျှောက်လုံး အဆင်ပြေပြေ ဆောင်ရွက်သွားနိုင်ရေးကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေးတို့ကိုလည်း အစဉ်မပြတ် ဂရုပြုဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယခုကျင်းပလျက်ရှိသော အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍မှတ်တမ်းမှတ်ရာ အထောက်အထားများ ပြည့်ပြည့်စုံစုံ ထားရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

## တင်ပြဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပဆောင်ရွက်ရေးအတွက် အကြံပြုတင်ပြဆွေးနွေးကြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး မွန်းတည့် ၁၂နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအစည်းအဝေးမှပြန်လည်ရောက်ရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးရိုးဗီဇမြစ်များ အသုံးချမှု မျှဝေခံစားရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ကျင်းပသည့် ဒသမအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပဉ္စမအကြိမ်အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့်အစည်းအဝေးများသို့တက်ရောက်ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

## ဆွေးနွေးပြောကြား

နိုဝင်ဘာ ၁၀ ရက်တွင် ဒသမအကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တော်ဝန် Ms. Gwendolyn Garcia က တက်ရောက် ဖွင့်လှစ်ပေးသည်။ အစည်းအဝေးကို ဆက်လက်ကျင်းပရာ နဝမအကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ယာယီသဘာပတိအဖြစ် ဆောင်ရွက်ပြီး ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သဘာဝ အရင်းအမြစ်ဝန်ကြီး Mr. Angelo T. Reyes အား သဘာပတိအဖြစ် လည်းကောင်း၊ စင်ကာပူနိုင်ငံ အကြီးတန်းပါလီမန်အတွင်းဝန် Dr. Amy Khor Lean Suan အား ဒုတိယသဘာပတိအဖြစ်လည်းကောင်း လွှဲအပ်ပေးသည်။ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ အာဆီယံဝန်ကြီးများက အလှည့်ကျနိုင်ငံအလိုက် ဆွေးနွေးပြောကြားကြသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဒသမအကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲများ ဗဟိုဌာနတည်ဆောက်ရေး၊ သဘာဝနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးရိုးဗီဇမြစ်များ အသုံးချမှု ရလဒ်များကို ညီမျှစွာ ခွဲဝေခံစားရေး၊ အာဆီယံဒေသ ရေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေအရင်းအမြစ် ထိန်းသိမ်းရေး၊ နိုင်ငံတကာ သဘောတူညီထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက်များ၊ အာဆီယံမြို့ကြီးများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဖြတ်ကျော်သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံဝန်ကြီးများက စီဘူးသဘောတူညီချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ စီဘူးသဘောတူညီချက်သည် အာဆီယံ Summit သို့ ဆက်လက်တင်ပြသွားမည် ဖြစ်သည်။



**ဒသမအကြိမ် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်စဉ်။** (သတင်းစဉ်)

နိုဝင်ဘာ ၁၁ ရက်တွင် ပဉ္စမအကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲ ကျင်းပရာ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ကိုရီးယားနှင့်ဂျပန်နိုင်ငံမှဒုတိယဝန်ကြီးများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

## ပူးပေါင်းဆောင်ရွက်ရေး

ဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက်တွင် ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Kasem Snidvongs နှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Shinako Tsuchiya နှင့် လည်းကောင်း တွေ့ဆုံပြီး နှစ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် သစ်တောကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့သည်။

## တင်ပို့ရောင်းချ

ဝန်ကြီးသည် ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ Pacific Traders Manufacturing Corporation သစ်အခြေခံစက်ရုံကို သွားရောက်လေ့လာရာ စက်ရုံ၏ President Mr. Charles M. Streegan က စက်ရုံအကြောင်း လိုက်လံရှင်းလင်းပြသသည်။ အဆိုပါစက်ရုံမှ ပရိဘောဂပစ္စည်းမျိုးစုံထုတ်လုပ်ပြီး ဥရောပနှင့် အမေရိကနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဆက်လက်ပြီး ဝန်ကြီးသည် Murillo ကြိမ်အချောထည်ပစ္စည်းစက်ရုံကို သွားရောက်လေ့လာခဲ့သည်။ အဆိုပါစက်ရုံမှ ကြိမ်ထည်ပရိဘောဂအမျိုးမျိုး ထုတ်လုပ်ပြီး ဥရောပနှင့် အမေရိကနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# The Commerce Journal အတွဲ(၆) အမှတ်(၂၁)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

The Commerce Journal အတွဲ (၆)၊ အမှတ်(၂၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် မြန်မာ–လာအိုနယ်စပ်ကုန်သွယ်မှုမြှင့်တင်မည်။ ပို့ကုန်မြှင့်တင်ရေး ပို့ကုန်သွင်းကုန် ထိပ်တန်းကုမ္ပဏီကြီးများနဲ့ ညှိနှိုင်းဆွေးနွေးနေ၊ စက်မှုလက်မှု လုပ်ကိုင်နေသူများ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်ပေးနေ၊ မြန်မာ့ကော်ဖီများ ကမ္ဘာကျော်ကုမ္ပဏီတစ်ခုက ဝယ်ယူလိုကြောင်း ကမ်းလှမ်း၊ တရုတ်နယ်စပ်တွင် ဈေးကောင်းရလာတဲ့ ငါးပုတ်သင်၊ ငှက်ပျောသီးမှ နိုင်ငံခြားငွေရှာဖွေပေးတော့မည်၊ ပြည်ပပို့ကုန်ဂုဏ်မာန်ခရီ၊ နိုင်ငံခြားရောက် ကြာရွက်ခြောက်၊ ဈေးကွက်ဝင် သခွားမွေးစသည့် သတင်းများအပြင် အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ထရီလီယံနာ ဘယ်သူဖြစ်ချင်သလဲ၊ အောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဦးဟန်ထွန်း၏ ကန့်စော်နံတဲ့ ရှိုက်တန်၊ မောင်ဆုရှင်၏ အသက်ရှည်ချင် အကောင်းမြင်၊ ကြည်မင်း၏ မထွန်းကားသူတို့၏ လက္ခဏာခုနစ်ပါး၊ ကြည့်ရှုန်း၏ ချမ်းသာနည်း ၁၀၀၊ အောင်စိုး MPM၏ မဟာဗျူဟာစီမံခန့်ခွဲရေးရုံးအဖွဲ့၊ ဦးသန်းမောင်(စစ်တွေ)၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ရာတွင် သိသင့်သောအချက်များ၊ ငွေရွှေ၏ မြန်မာ့ကျွဲကောသီးများ၏ အရည်အသွေးနှင့် ကြာရှည်ခံမှုကိုလေ့လာခြင်း၊ မောင်သစ်ဦး၏ ကိုရီးယားရုပ်ရှင်လုပ်ငန်းကို တစ်ခေတ်ပြောင်းစေမည့် ဇာတ်ကားသစ်ကြီး၊ အာကာစိုး၏ စပယ်ပန်းလိုမိန်းမ– ကျန်းကျိယီတို့ပါဝင်ပြီး ပြည်တွင်းပြည်ပ၊ နယ်စပ်ကုန်ဈေးနှုန်း သတင်းများ၊ ဟာသ၊ ရုပ်ရှင်နှင့် ဖေဒင်ကဏ္ဍများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ရက် ညနေ ၃ နာရီက ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်တိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသူလေးများ စုစုပေါင်း အင်အား ၁၅၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာကြီး လယ်တွင်းသားစောချစ်က **“မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ”** ခေါင်းစဉ်ဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌ လိမ္မော်သီးစိုက်ခင်းတစ်ခုအတွင်း လိမ္မော်သီးများဆွတ်ခူးနေသည်ကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ယင်းဒေသမှ နှစ်စဉ်လိမ္မော်သီးတန်ချိန် ၅၀၀၀၀ ထွက်ရှိကြောင်းသိရသည်။) (ဓာတ်ပုံ-အင်တာနက်)

# အေပက်စီးပွားရေးထိပ်တန်း တာဝန်ရှိသူများ ဟန္နိုင်းမြို့တော်၌ နှစ်ရက်ကြာဆွေးနွေးခဲ့

ဟန္နိုင်း နိုဝင်ဘာ ၁၅

**အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)၏ စီးပွားရေးအဖွဲ့ဝင်၂၁နိုင်ငံမှ ထိပ်တန်း တာဝန်ရှိသူများသည် လာမည့်ဝန်ကြီးအဆင့် အစည်းအဝေးနှင့် စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးကို ယခု သီတင်းပတ်နှောင်းပိုင်းတွင်ကျင်းပသွားရန် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းစင်တာတွင် ဆွေးနွေးမှုမှာ နိုဝင်ဘာ ၁၃ရက် နံနက်က ပြီးဆုံးသွားခဲ့သည်။**

ထိုသို့ တွေ့ဆုံစဉ်အတွင်း တာဝန်ရှိသူများသည် ဒဗလျူတီအို စေ့စပ်ဆွေးနွေးမှု၏ ဒိုဟာစားပွဲဝိုင်း ဆွေးနွေးမှုကို ခိုင်မာစွာ ဆက်လက်ထောက်ခံရေးနှင့် ရှေ့မတိုးနောက်မဆုတ်သာဖြစ်သည့် ယင်းစေ့စပ်ဆွေး နွေးမှုများ အောင်မြင်ရေးအတွက် ဆုံးဖြတ်ချက်ချခဲ့သည်။

အေပက် ဘိုဂေါ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပြီးခဲ့သည့်နှစ်က ဘူဆန် လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ဗီယက်နမ်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး လီကွန်ဖန်းက ပြောကြားသည်။

**ပြင်ဆင်မှု**

အဆိုပါ ထိပ်တန်းတာဝန်ရှိသူများသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလက တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အေပက်ထိပ်သီး ခေါင်းဆောင်များ ချမှတ်ဆောင်ရွက်ခဲ့သော အစီအစဉ်များ အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးသုံးရပ်ကိုလည်း ကျင်းပခဲ့ပြီး လက်ရှိအေပက်အစည်းအဝေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာဖရိက၌ ရထားနှင့်ကားတိုက်မိ လူ ၂၀ ခန့်သေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**ကိတ်တောင်း နိုဝင်ဘာ ၁၅**

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ပြင်၌ ရထားတစ်စင်းနှင့် ကုန်တင်မော်တော်ယာဉ်တစ်စီးတို့ နိုဝင်ဘာ ၁၂ ရက်က တိုက်မိရာအနည်းဆုံး လူ ၂၀ ခန့် သေဆုံးသွားကြောင်း တောင်အာဖရိက မီဒီယာများက ဖော်ပြသည်။

**မတော်တဆဖြစ်**

အလုပ်သမားများကို တင်ဆောင်လာသော ထရပ်ကားတစ်စီးသည် မီးရထားလမ်းကို ဖြတ်ကျော်စဉ် ယခုကဲ့သို့ မတော်တဆဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်း မတော်တဆဖြစ်ရပ်ကြောင့် လူ ၂၀ခန့် သေဆုံးရပြီး ခရီးသည် ရှစ်ဦးခန့်လည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ရှစ်ဦးအနက် သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောကြားသည်။

ဒဏ်ရာရသူနှင့် သေဆုံးသူများတွင် ထရပ်ကားယာဉ်မောင်း ပါဝင်မှု ရှိမရှိ သေချာစွာ မသိရသေးကြောင်း တောင်အာဖရိက အသံလွှင့်ဌာန အက်ဖ်အေဘီစီက သတင်းထုတ်လွှင့်သည်။

**(အင်တာနက်)**

# ကမ္ဘောဒီးယားလေဆိပ်များ လုံခြုံရေးတင်းကျပ်

**ဖနောင်ပင် နိုဝင်ဘာ ၁၅**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆင်က နိုင်ငံတစ်ဝန်းရှိ လေဆိပ်အားလုံး၌ လုံခြုံရေးစစ်ဆေးမှု တင်းကျပ်သွားရန်အမိန့်ထုတ်ပြန်လိုက်ကြောင်း၊ တရားမဝင်လက်နက်များတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုမှုများ၊နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုခင်းများကိုကိုင်တွယ်နိုင်ရန်အတွက်ဖြစ်ကြောင်း အစိုးရပြောခွင့်ရ ပုဂ္ဂိုလ်လည်းဖြစ် ပြန်ကြားရေးဝန်ကြီးလည်းဖြစ်သူ ကန်နာရစ်က ဆင်ဟွာသို့ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၁၃ ရက်က ပြောကြားလိုက်သည်။ မိမိတို့သည် နိုင်ငံတကာစီမံအုပ်ချုပ်မှု အဆင့်မီစေရန် အလို့ငှာလေဆိပ်အားလုံးကို လုံခြုံပြီး ဘေးကင်းမှုရှိစေရန် တင်းကျပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် မိမိတို့ပြည်သူအားလုံးအတွက် အကောင်းဆုံး လုံခြုံမှုအကာအကွယ်ပေးရန် လိုအပ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

**မှာကြားထား**

ကမ္ဘောဒီးယားဝန်ကြီးချုပ်သည် အစိုးရအဆင့်မြင့်အရာရှိများနှင့် သံတမန်များအပေါ် အာရုံစူးစိုက် ဆောင်ရွက်ရန်၎င်း၏ လေဆိပ်ဝန်ထမ်းများ အားလုံးအား မှာကြားထားကြောင်း၊ တစ်စုံတစ်ယောက်သောသူသည် လက်ဆွဲအိတ်စစ်ဆေးမှု ကင်းလွတ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် စာတစ်စောင်လိုအပ်မည်ဖြစ်ကြောင်း ၎င်းပြောခွင့်ရပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

**ခွဲခြားသိရှိရန်**

သံတမန်များ၏ ခရီးဆောင်အိတ်များတွင် အလွယ်တကူခွဲခြားသိရှိနိုင်စေရန် ယင်းတို့၏သံရုံးများမှ အထူးတံဆိပ် သို့မဟုတ် အမှတ်တံဆိပ် ပါရှိရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက လေဆိပ်ဝန်ထမ်းများ၏စစ်ဆေးမေးမြန်းခြင်းကိုခံရနိုင်ကြောင်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဂရိနိုင်ငံ အေသင်မြို့ အခရိုပေါလစ်တောင်ပေါ်၌ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်က တည်ဆောက်ခဲ့သည့် ပါသီနွမ်ကျောင်းတော်ကို နိုဝင်ဘာ ၁၄ရက်က တွေ့ရစဉ်။** (ယင်းကျောင်းတော် အပါအဝင် ကမ္ဘာ့အံ့ဖွယ်ခုနစ်ခုကို ၂၀၀၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကြေညာမည်ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# ပြန်ပေးဆွဲခံရသော တူရကီနိုင်ငံသား ဘဂ္ဂဒက်လေဆိပ်အနီး သေဆုံးနေ

**အင်ကာရာ နိုဝင်ဘာ ၁၅**

လွန်ခဲ့သောလများက အီရတ် ပြန်ပေးသမားများက ပြန်ပေးဆွဲသွားသော တူရကီနိုင်ငံသား တစ်ဦး ဘဂ္ဂဒက်လေဆိပ်အနီး၌ သေဆုံးလျက်တွေ့ရကြောင်း တူရကီ နိုင်ငံခြားရေးဝန်ကြီးရုံးက နိုဝင်ဘာ ၁၃ရက်၌ ပြောကြားသည်။

ရီဒီရင်သက် အမည်ရှိ အဆိုပါ တူရကီနိုင်ငံသားသည် ဇူလိုင်လက အီရတ်၌ ပြန်ပေးဆွဲခံရကြောင်း၊ ထိုစဉ်က အဆိုပါပြန်ပေးသမားများက အီရတ်၌ တူရကီတပ်များမရုပ်သိမ်းလျှင် ၇၂ နာရီအတွင်းသတ်ပစ်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကင်ညာတွင် ရေလွှမ်း ၁၂ဦး သေဆုံး

**မွန်ဘာဆာ နိုဝင်ဘာ ၁၅**

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကာ ဒေသခံပြည်သူ၁၂ဦးခန့် သေဆုံးခဲ့ရပြီး လူ ၆၀၀၀၀ခန့် ရေဘေးဒုက္ခခံစားခဲ့ရကြောင်း ကင်ညာအစိုးရ အရာရှိများနှင့် အကူအညီပေးရေး အဖွဲ့များက နိုဝင်ဘာ ၁၃ရက်က ပြောကြားသည်။ သေဆုံးမှုများမှာ ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်း ဒါဒတ်အရပ်တွင် ပြည်သူနှစ်ဦးနှင့် ကင်ညာနိုင်ငံအရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသ၌ လူ ၁၀ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

ရေလွှမ်းမှုအနေအထားမှာ ဆိုးရွားလျက်ရှိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ အခက်အခဲနှင့်ကြုံတွေ့ရလျက်ရှိကြောင်း ကင်ညာ နိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီး မောရစ်ဒီဗိုရိုက ပြောကြားသည်။ ရေလွှမ်းမှုအများဆုံး ခံစားရသည့် ဒေသများမှာ ကင်ညာနိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင်ဖြစ်ကြောင်း၊ ရေလွှမ်းမှုကြောင့် စာသင်ကျောင်းများ၌ စာမေးပွဲဖြေဆိုမှုများရပ်ဆိုင်းထားရကြောင်း သိရသည်။ ရေဘေး ဒုက္ခကြုံတွေ့နေရသော ဒေသခံများအားကယ်ဆယ်ရေး ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများ လိုက်လံထောက်ပံ့ ဖြည့်ဆည်းပေးရလျက်ရှိကြောင်း ဒီဗိုရိုကပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



# ဘရာဇီးတွင် လေကြောင်းပျံသန်းမှု ထိန်းသိမ်းရေးလုပ်ငန်းများ ချို့ယွင်း ခရီးသည်ထောင်ပေါင်းများစွာ လေဆိပ်များ၌သောင်တင်နေ

**ဘရာဆီးလီးယား နိုဝင်ဘာ ၁၅**

ဘရာဇီးနိုင်ငံတွင် လေကြောင်းပျံသန်းမှု ထိန်းသိမ်းရေးလုပ်ငန်းများ ချို့ယွင်းမှုကြောင့် ဘရာဇီးနိုင်ငံရှိ လေဆိပ်များ၌ ခရီးသည် ထောင်ပေါင်းများစွာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေခဲ့ရကြောင်း၊ ထိုသို့ ဖြစ်ပွားမှုမှာ နိုဝင်ဘာ ၁၃ရက်က ဖြစ်ကြောင်း သိရသည်။

**စီစဉ်လျက်ရှိ**

ဘရာဇီးနိုင်ငံတွင် နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက လေကြောင်းခရီးစဉ် ၁၀၀၀ခန့်အနက်၄၀၀ကျော်မှာ လေယာဉ်ပျံသန်းမှု နှောင့်နှေးခဲ့ရသည်ဟု ဘရာဇီးလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ထိုသို့ဖြစ်စဉ်ကို လွန်ခဲ့သည့် သီတင်းနှစ်ပတ်ခန့်ကလည်း ဖြစ်ပွားခဲ့ကြောင်း လေယာဉ်ခရီးစဉ် ၁၀၀ ကျော် ပျံသန်းမှုနှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြီးခဲ့သည့် စက်တင်ဘာ ၂၉ရက်က ဘရာဇီးနိုင်ငံ ဝေဟင်တွင် လေယာဉ်နှစ်စင်းတိုက်မိပြီး ခရီးသည် ၁၅၄ဦးသေဆုံးခဲ့ရပြီးနောက် လေကြောင်းထိန်းချုပ်ရေး အလုပ်သမား ၁၀ဦးနုတ်ထွက်သွားခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ဘရာဇီးအစိုးရအနေဖြင့် လေကြောင်းပျံသန်းမှုထိန်းချုပ်ရေး ဝန်ထမ်းအသစ် ၆၀ကျော်အား ခန့်ထားရန် စီစဉ်လျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဗုံးပေါက်ကွဲမည့် သတင်းပေးချက်ကြောင့် ပါရီမြို့တွင် လူ၃၀၀၀ကျော် ဘေးကင်းရာရွှေ့ပေးခဲ့ရ

**ပါရီ နိုဝင်ဘာ ၁၅**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အမြင့်ဆုံး အဆောက်အအုံများတွင် ပါဝင်သော မွန်ပါနာစီ အဆောက်အအုံအတွင်း ဗုံးပေါက်ကွဲမည်ဟု သတိပေးချက်ကြောင့် ကမ္ဘာ့လှည့်ခရီးသွား ၃၀၀၀ ခန့်ကို ဘေးကင်းရာသို့ အလျင်အမြန် ပို့ဆောင်ပေးခဲ့ရကြောင်း ပါရီမြို့ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၃ ရက်၌ ပြောကြားသည်။

**ရွှေ့ပြောင်း**

ပါရီမြို့ရဲတပ်ဖွဲ့ထံသို့ နိုဝင်ဘာ ၁၃ ရက် ဂရင်းနစ်စံတော်ချိန် ၁၅း၃၀နာရီအတွင်း ဗုံးသတိပေးချက် သတင်းလက်ခံရရှိပြီးနောက် ယခုကဲ့သို့ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

**ပြောကြား**

အဆိုပါ အဆောက်အအုံ အနီးတစ်ဝိုက်တွင် အနံ့ခံခွေးများနှင့် ဗုံးကျွမ်းကျင်သူများက လိုက်လံရှာဖွေလျက်ရှိကြောင်း ပါရီမြို့ရှိ ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

**ထူးခြားမှုမရှိ**

ထို့အတူ ပါရီမြို့ရှိ မီးရထားများ၊ ပါရီမြို့ပြည်တွင်း သယ်ယူ ပို့ဆောင်ရေး အာဏာပိုင်များကလည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိကြောင်း ပြောကြားသည်။ မွန်ပါနာစီ မီးရထားဘူတာရုံနှင့် အခြားအဆောက်အအုံများမှာလည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်မည်

ရန်ကုန် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အတွင်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို သုံးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ယခုနှစ် (၁၃၆၈ ခုနှစ်တော်လပြည့်) ဒီဇင်ဘာ ၄ ရက်တွင် ကျိုက်ထီးရိုး ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အစဉ်အလာအရ ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို တပေါင်းလပြည့်နေ့တွင် ဆက်ကပ်ပူဇော်ခြင်းဖြစ်သော်လည်း ဘုရားဖူး ရဟန်းရှင်လူများနှင့် အလှူရှင်များ ကြည်ညိုစွာ ဖူးမြော်နိုင်ရန် ယခုပွင့်လင်းကာလ(လေး)လ စော၍ ရောင်တော်ဖွင့်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

အနန္တော၁ အနန္တ ငါးပါး ဦးထိပ်ထားလျက် နှစ်ဖက် ဘိုးဘွားမိဘ များ နှင့် ခင်ပွန်း ဖြစ် သူ ဦးညွန့်ကြည် အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်လမ်းကျယ်အမှတ် ၈၀ နေ ဇနီး ဒေါ်အေးအေးမြင့်နှင့် သား သမီး၊ မြေးတစ်စု တို့က ဒဂုံမြို့နယ်အမှတ် ၁၆



စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးရဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်း၊ လေအေးစက်အတွက် ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီးအတွက် သားဖြစ်သူ မောင်ဇော် ထက် ကျော်အား ရည်စူး၍ ရန်ကုန်မြို့ FMI အမှတ် H ၁၂၇ (A) ရွှေ သ ရ ဖီ



(၃)လမ်းနေ ဦးကျော်ဝင်း–ဒေါ်တင်ရီမိသားစုက ရန်ကုန်မြို့လမ်းမတော်မြို့နယ် ဝါးတန်းလမ်းအမှတ် (၄၂)ပထမထပ် ဦးမျိုးသန့် နေအိမ်၌ ကျောင်းအလှူငွေ အက်ဖ်အီးစီ ၁၁၈ကို လှူဒါန်းရာ အမှုဆောင်ဒေါ်ကေသက်မော်ကလက်ခံ၍ ကျောင်းအကျိုးတော်ဆောင် ဆရာတော်အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

# ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများ ဆရာကန်တော့မည်

ရန်ကုန် နိုဝင်ဘာ ၁၅

၁၉၆၅ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁)သို့ ဝင်ရောက်ခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများသည် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၆ ရက်(စနေနေ့) နံနက် ၈ နာရီတွင် စတုတ္ထအကြိမ် ကန်တော့ကြမည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဒေါက်တာကျော်မင်း ဖုန်း–၀၉ ၅၁–၃၆၇၀၃၊ ၃၈၀၁၂၈၊ ဒေါက်တာလှိုင်စိုးဝယ် ဖုန်း–၂၂၃၃၀၄၊ ဒေါက်တာဝင်းမောင်၊ ဖုန်း–၅၅၆၈၉၇၊ ဒေါက်တာတင် ဖုန်း၊ ဖုန်း–၀၉–၅၀–၂၀၆၀၂၊ ဒေါက်တာသိန်းဝင်းနိုင် ဖုန်း– ၀၉–၅၁–၄၉၀၂၆၊ ဒေါက်တာ လဲ့လဲ့ရီ ဖုန်း–၂၂၁၀၄၀၊ ဒေါက်တာခင်ဝင်းကြူ ဖုန်း–၂၅၆၃၇၇၊ ဒေါက်တာနုနုမော် ဖုန်း–၀၉–၈၀–၃၂၈၅၆၊ ဒေါက်တာချိုချိုမြင့် ဖုန်း–၃၈၃၄၅၃၊ ဒေါက်တာရီရီမြင့် ဖုန်း–၂၂၀၈၃၉၊ ဒေါက်တာခင်ခင်သက် ဖုန်း–၂၂၉၁၉၇၊ ဒေါက်တာခင်မှီဟန် ဖုန်း–၅၁၉၁၂၁၊ ဒေါက်တာခင်မြတ်ထွန်း ဖုန်း–၀၉–၈၀၂၃၂၁၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ကျောင်းသားဟောင်းများ အားလုံး တက်ရောက်ကြရန်ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

# သံဃာတော်များ သီးသန့်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၁၅

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂ လမ်း ရတနာမဉ္ဇူမြေရိပ်သာတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် သံဃာတော်များ သီးသန့်ခုနစ်ရက် တရားစခန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော သံဃာတော်အရှင် သူမြတ်များ နိုဝင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပြီး တရားစခန်းဝင် သံဃာတော်များအတွက် တစ်နေ့တာ ဆွမ်းစရိတ် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် ဖုန်း–၆၆၃၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# မန္တလေးတိုင်းရဲတပ်ဖွဲ့ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပ

## ရန်ကုန်–မန္တလေးလမ်း တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်း

ရန်ကုန် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းရဲတပ်ဖွဲ့၏ (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညိုသည်။





ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းခင်းကျင်းထားသည့် မန္တလေးတိုင်း ရဲတပ်ဖွဲ့ စုပေါင်းမဟာဘုံကထိန် အလှူတော်ပဒေသာပင်များကို လိုက်လံကြည့်ရှုကြည်ညိုသည်။

### နေ့ဆွမ်းလောင်းလှူ

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၂၁၁ ပါးတို့အား နေ့ဆွမ်းများ လောင်းလှူကြသည်။

### ဆက်ကပ်လှူဒါန်းခဲ့

မန္တလေးတိုင်းရဲတပ်ဖွဲ့၏ (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တွင် ပဒေသာပင်စုစုပေါင်း ၆၃ ခု၊တန်ဖိုးသင့်လှူဒါန်းငွေကျပ် ၄၉သိန်းကို ပြည်ကြီးတံခွန်မြို့နယ် ပေပင်ဂန္ဓမာကျောင်း၊မူလဆီးဘန်နီတိုက်၊နဂါးရုံကျောင်း၊ဝေသာလီဘုရားကျောင်း၊ဆောကျောင်း၊အောင်ငြိမ်းချမ်းကျောင်းနှင့် မင်းကန်ကျောင်းတို့မှ ဆရာတော် သံဃာ့တော် ၇၇ပါး၊ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်မှ သံဃာတော် အပါး ၁၈၀၊ စုစုပေါင်းဆရာတော် သံဃာတော် ၂၅၇ပါးတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းမှူးနှင့်အဖွဲ့သည် နံနက် ၉ နာရီတွင်လည်း အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ရောက်ရှိပြီး မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၃၅)ကြိမ်မြောက် မဟာဘုံကထိန်တွင် အောင်မြေသာစံမြို့နယ် တိပိဋကသန္တာဝါသစာသင်တိုက်ရှိ ဆရာတော် သံဃာတော် ၉၅ ပါးတို့အား ဆက်ကပ်လှူဒါန်းမည့် တန်ဖိုးသင့် လှူဒါန်းငွေကျပ် ၅၃၀၀၄၆၀ရှိ ပဒေသာပင် ၂၁ ပင် ခင်းကျင်းထားမှုကို ကြည့်ရှုကြည်ညိုသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော ရန်ကုန်–မန္တလေးလမ်း တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်းခြင်းနှင့်အခြေခံလွှာပြုပြင်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး လမ်းအရှည်ပေ ၈၅၀၀အား ပေ၆၀အကျယ် အခြေခံလွှာပြုပြင်ခြင်းလုပ်ငန်း **(အပေါ်ပုံ)**နှင့် ၄၄ပေအကျယ်နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လမ်းများ စံချိန် စံညွှန်မီသတ်မှတ်ဝန်ခံနိုင်ရေး၊ ယာဉ်သွားလမ်းများ ပိတ်ဆို့မှုမရှိစေရေး၊ လမ်းဘေးဝဲယာရေမြောင်းများ စနစ်တကျဖောက်လုပ်ရေးတို့ကို မှာကြားပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြည့်မြင်တိုင် ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်း ရွှေသင်္ကန်းတော်များ လှည့်လည်အပူဇော်ခံ

ရန်ကုန် နိုဝင်ဘာ ၁၅

ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်း၏(၆၅)ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များ ကပ်လှူခြင်းမပြုမီ လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီက အသင်းဓမ္မာရုံရှေ့ရှိ အလှူမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင်ရွှေက ဖဲကြိုးဖြတ်၍ လှည့်လည်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် လှည့်လည် အပူဇော်ခံရာ နိုဝင်ဘာ ၁၃ရက်က ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်က စမ်းချောင်းမြို့နယ်အတွင်း၌လည်းကောင်း လှည့်လည်အပူဇော်ခံကြသည်။

### တန်ဖိုးငွေ

ယခုနှစ် ၆၅ကြိမ်မြောက် ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ပွဲတွင် တစ်ပေပတ်လည် အလေးချိန်သုံးကျပ်သားစီရှိ ရွှေပြားသင်္ကန်းတော် အပြား ၃၀ စုစုပေါင်းအလေးချိန် ၉၀ကျပ်သား တန်ဖိုးငွေကျပ် ၄၀၅ သိန်း တန်ဖိုးရှိ ရွှေပြားသင်္ကန်းတော်များကို လှူဒါန်းမည်ဖြစ်သည်။

### ဟောကြားမည်

ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်းဓမ္မာရုံ အလှူမင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ၁၀ ရက်တိုင်တိုင် တရားပွဲများ ကျင်းပမည်ဖြစ်ပြီး ဓမ္မကထိက ဆရာတော် ၁၀ပါးက နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။

### လှူဒါန်းမည်

နိုဝင်ဘာ ၂၆ရက်၊ ၂၇ရက်များတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး နိုဝင်ဘာ၂၈ရက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၅၈ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး စာရေးတံမဲများ လှူဒါန်းမည်ဖြစ်သည်။ **(သတင်းစဉ်)**



● **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယနေ့အစည်းအဝေး ပထမပိုင်းအစီအစဉ်ကိုစတင်ရာ ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမနကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒကလည်းကောင်း၊ပညာရေးရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒသိရိဆရာတော်ကလည်းကောင်း ဝေဖန်ဆွေးနွေးကြပြီး နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

**အတည်ပြုဆုံးဖြတ်**

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ အစည်းအဝေးဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆရာတော်များက ဆွေးနွေးတော်မူကြပြီး ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တ ဓာဂရာဘိဝံသက ဝေဖန်ဆွေးနွေးမှုများကို ပြန်လည် ရှင်းလင်းလျှောက်ထား၍ အစီရင်ခံစာကိုအတည်ပြုဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ပဉ္စမအကြိမ် သောဠသမ(လေးလပတ်)နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို "ဇယန္တော ဗောဓိယာမူလေ"အစချီနှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီး သာဓု သုံးကြိမ်ခေါ်ဆိုလျက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို မွန်းလွဲ၂နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ပြီးစီးသွားသည်။ **(သတင်းစဉ်)**




သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဒသမအကြိမ်ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)




## သံအမတ်ကြီး ဦးသန်းထွန်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပေါ်တူဂီသမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် လစ်စဘွန်းမြို့၌ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ်၊ ကာဗာကို၊ ဆေးလ်ဗာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၁၁-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၁၅ ၈။ အကပဒေသာ
၈:၂၅ ၉။ နတ်သားတောရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၅ ၇။ **"ပေါင်ပေါ်ကျတဲ့မိုး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"**(အပိုင်း-၁၈)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၁၇)

## အမျိုးသားစီးပွားရေးကဏ္ဍများ၌ သားငါးကဏ္ဍတတိယနေရာရှိ အသားကဏ္ဍထုတ်လုပ်မှု ပိုမိုတိုးတက်ရေးကြိုးပမ်းဖော်ဆောင်

နေပြည်တော် နိုဝင်ဘာ ၁၅

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဒသမအကြိမ်ညီလာခံကို နိုဝင်ဘာ၁၂ရက် နံနက်၈နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။**

**ကြိုးပမ်းအကောင်အထည်ဖော်**

ဝန်ကြီးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်း ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်တို့၌ စံပြတိုင်းရင်းကြက်မျိုးထိန်းမျိုးပွားခြံများ ထူထောင်ပြီး တိုင်းရင်းကြက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် စံပြမွေးမြူရေးခြံများအဖြစ် သရက်မြို့နယ်တွင် နို့စားနွားမွေးမြူရေးခြံ၊ မင်းလှမြို့နယ်တွင် ဆိတ်မွေးရေးခြံ၊ ရေတာရှည်မြို့နယ်နှင့်ပွင့်ဖြူမြို့နယ်တို့တွင် ဝက်မွေးမြူရေးခြံ စုစုပေါင်း စံပြမွေးမြူရေးခြံ လေးခြံထူထောင်ပြီး မွေးမြူသူများအား မွေးမြူထုတ်လုပ်မှုပညာပေးခြင်းနှင့်မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအနေဖြင့် စီးပွားဖြစ် မွေးမြူရေးခြံ ၃၁ခြံအပြင် မိဘမျိုးရိုးဥစားကြက်၊ အသားတိုးကြက်ခြံများ၊ ဘိုးဘွားမျိုးရိုးကြက်ခြံများ ထူထောင်ပြီး မျိုးတိရစ္ဆာန်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး ထုတ်လုပ်မှုကဏ္ဍများအနက် သားငါးကဏ္ဍသည် တတိယနေရာတွင်ရှိပြီး အသားကဏ္ဍထုတ်လုပ်မှု ပိုမိုတိုးတက်ရေးအတွက် ဆက်လက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ သက်ဆိုင်ရာဌာန၊ လုပ်ငန်း၊ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ အမှုဆောင်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင် ၅၀၀ကျော် တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားတွင် ခင်းကျင်း ပြသထားသည့် မွေးမြူရေးဆိုင်ရာအစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းများပြသသည့် ပြခန်းအား ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးက ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မွေးမြူရေးအစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံး ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

**အမှာစကား**

ထို့နောက် သဘာပတိအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမင်းစိုး၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်စာသင်ခန်းမ၌ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ စာတမ်းရှင် ခုနစ်ဦးက မိမိတို့၏ စာတမ်းများကို အသီးသီးဖတ်ကြားပြီး တက်ရောက်လာကြသော တိရစ္ဆာန်ဆေးကုဆရာဝန်များက ပညာရပ်ဆိုင်ရာနှင့် ပတ်သက်၍ ပြန်လည်မေးမြန်းဆွေးနွေးကာ ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်း၊ စာတမ်းဖတ်ကြားခြင်းနှင့် သက်ကြီးဆရာ၊ ဆရာမကြီးများ ကန်တော့ခြင်းကိုပါ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်ဆည်အသင်း(ရန်ကုန်)အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ကျောက်ဆည်အသင်း (ရန်ကုန်) လုပ်ငန်းကြီးကြပ်ရေးအစည်းအဝေးကို အနောက်ရွှေဂုံတိုင်လမ်းရှိ ကျောက်ဆည်ဓမ္မာရုံ တည်ဆောက်ရေးရုံး၌ နိုဝင်ဘာ ၁၃ရက်ကကျင်းပရာ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ အသေးစိတ်ဆွေးနွေးကြသည်။ ကျောက်ဆည်ခရိုင်မှ အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူ ၂၁၀ကို အောက်တိုဘာ ၅ ရက်က ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ဂုဏ်ပြုပွဲနှင့်ပညာရေးထောက်ပံ့ငွေ ချီးမြှင့်ခြင်းကို ကမ္ဘောဇဘဏ်လီမိတက်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ရန်ကုန်ရောက် ကျောက်ဆည်အသင်း(ရန်ကုန်)အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၆ခုနှစ် အခြေခံပညာစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများကို ရန်ကုန်မြို့၌ ဆက်လက်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ရာ အောင်မြင်ခဲ့သူများစာရင်းကို ပညာရေးဌာန၏ထောက်ခံချက်ဖြင့် ကျောက်ဆည်အသင်း ဥက္ကဋ္ဌ ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) ဖုန်း-၀၉-၅၁၃၉၉၇၆၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် ဖုန်း-၀၉-၈၀၃၂၁၁၄ နှင့် အတွင်းရေးမှူး ဦးကျော်မြအောင် ဖုန်း-၀၉-၉၉၇၂၆၉၇၊ အသင်းရုံး ဖုန်း-၅၅၂၇၃၆တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## အင်တာနက် သတင်းနှင့်ဓာတ်ပုံ

### ဦးခေါင်း၌ သန်းကင်းစင်ရေး စမ်းသပ်တီထွင်နိုင်



ဆံပင်ခြောက်သွေ့စက်ကဲ့သို့သောစက်က ဦးခေါင်းရှိ သန်းနှင့်သန်းဥများကို မျိုးဖြုတ်ပစ်ခြင်းဖြင့် ဦးခေါင်းတွင် သန်းများ ကင်းစင်ပပျောက်သွားနိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

ယင်းသန်းသတ်စက်ဖြင့် မိနစ် ၃၀ကြာ ကုသခြင်းဖြင့် သန်းပေါက်ပွားများမှုကို ဟန့်တားနိုင်သည်ဟုဆို၏။

ဦးခေါင်း၌ သန်းတွယ်သည့် ပြဿနာမှာ အထူးသဖြင့် ကျောင်းသား ကျောင်းသူလေးများတွင် တွေ့ရတတ်သည်။ သန်းသည် ခုန်ခြင်း၊ ပျံသန်းခြင်းမပြုနိုင်ဘဲ ဆံပင်ချင်းထိတွေ့မှုမှ ကူးလူးပျံ့နှံ့နိုင်သည်။

သန်းတစ်ကောင်သည် ဆံပင်ထဲတွင် တစ်နေ့လျှင် သန်းဥသုံးလုံးနှုန်း ဥနိုင်ပြီး သန်းဥများ ဒါဇင်နှင့်ချီ၍ အုချနိုင်ကြောင်း လေ့လာသိရှိရသည်ဆို၏။ ယခုအခါ အမေရိကန်နိုင်ငံ ယူးတားတက္ကသိုလ်က သန်းသတ်စက်တီထွင်နိုင်ပြီး နှစ်နှစ်ခန့်အတွင်း ဈေးကွက်၌ရောင်းချမည်ဟုဆို၏။ **(ကိုးကား-အင်တာနက်)**

# ဝိပဿနာစေတီတော်ကြီးတည်ထားကိုးကွယ်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီးတွင် ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဂိုအင်ကာ က ဦးဆောင်တည်ဆောက်လျက်ရှိသော ဝိပဿနာစေတီတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် ဆဋ္ဌမအကြိမ် အလှူငွေနှင့် ရတနာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းနေ ဒေါက်တာဘမော် သမီး ဒေါက်တာမာလာမော်နှင့် ဒေါ်ခင်မမမော် သမီး ဒေါက်တာ မာလာမော်က ငွေကျပ်သိန်း ၁၀၀၊ ဘိုးဘွား မိဘများအား ရည်စူး၍ ဒေါက်တာ စံတင်–ဒေါ်လှမြင့်၊ ဦးချစ်လွင် (တရားရုံးချုပ် တရားသူကြီး)–ဒေါ်လေးမြင့် (ဦးသာရင်ဆေးတိုက်နှင့် လွင်မြင့်အောင် အင်ဒက်စရီရယ်ကုမ္ပဏီလီမိတက်)နှင့် သားသမီး မြေးတစ်စုတို့က ငွေကျပ်သိန်း ၉၀၊ချန်ပီယံပေါ်ဆန်းမွှေး+ပိညက် မိသားစုက ရွှေထည်နှင့် ကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် သိန်း ၇၀၊ ဒေါ်တင်မြအားရည်စူး၍ဒေါ်ညွန့်ညွန့် မိသားစု (ဗဟိုလမ်း၊ ကျောက်မြောင်း)၊ သီဟသုဓမ္မမဏိဇောတရဦးဘခန့်–ဒေါ်ခင်ရွှေ(ရေတာရှည်လမ်း၊ ဗဟန်း) နှင့် ဦးရဲထွန်း–ဒေါ်ဥမ္မာမော်နှင့် သမီး မယုဇာမော်ထွန်း (၆ မိုင်ခွဲ၊ ပြည်လမ်း) တို့ကငွေကျပ်၁၅သိန်းစီ၊ဦးမောင်မောင်လတ်–ဒေါ်အုန်းမေ သားသမီး မြေးတစ်စုတို့က ငွေကျပ် ခြောက်သိန်း၊ ဦးအောင်ဇော်မြင့်– သီရိသုဓမ္မသီဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၅၅၅၀၀၀၊ ဒေါက်တာနေဦး–ဒေါ်ပို့ပို့ သားသမီး မြေးတစ်စု၊ ဦးစိုးမြင့်–ဒေါ်ကြင်သီ မိသားစု၊ ဒေါ်စွမ်မိနီ သား ဒေါက်တာ စိုးမြင့်နှင့် ကိုမျိုးအောင် မိသားစု၊ ဦးကျော်မြင့်–ဒေါ်နှင်းနှင်းခိုင် သား မောင်ဟန်ထူးဇော်နှင့် မောင်ထက်နိုင်အောင်နှင့်ဦးမြင့်လွင်–ဒေါ်ထားထားမြင့် တို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင် ၁၃၁ ဦးတို့က ငွေသားကျပ် ၅၃၆၄၈၁၉၀၊ အမေရိကန် ဒေါ်လာ ၂၀၅၂၊အက်ဖ်အီးစီ၁၀ နှင့်ကျောက်မျက်ရတနာပစ္စည်း တန်ဖိုးငွေကျပ် ၇၆၁၄၃၄၂၈ တို့ကို ပေးအပ်လှူဒါန်းကြရာသာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**လှူဒါန်းနိုင်**

ဝိပဿနာစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဓမ္မဇောတိ ဝိပဿနာရိပ်သာ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ဖုန်း– ၅၄၉၂၉၀၊၅၄၆၆၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီးတွင် ဝိပဿနာစေတီတော်ကြီး တည်ထား ကိုးကွယ်ရေးအတွက် ဆဋ္ဌမအကြိမ် အလှူငွေနှင့် ရတနာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)



**❐ ကျောဖုံးမှ**

လေဆိပ်အဆောက်အအုံ တိုးချဲ့ခြင်းလုပ်ငန်းမှာ ယခုအခါ လုပ်ငန်း တစ်ခုလုံး၏ ၉၄ ဒသမ ၆၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် အချောသပ် လုပ်ငန်းများ လုပ်ဆောင်ရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂) ရန်ကုန်မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**စတင်ဆောင်ရွက်**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မူလပြေးလမ်းမှာ အရှည်ပေ ၈၁၀၀၊ အကျယ်ပေ ၂၀၀ ရှိပြီး တိုးချဲ့တည်ဆောက်လျက်ရှိသည့် လေယာဉ်ပြေးလမ်း၏ အရှည်မှာပေ ၃၁၀၀ နှင့် အကျယ်ပေ ၂၀၀ ဖြစ်သည်။ တိုးချဲ့လေယာဉ်ပြေးလမ်း ပြီးစီးပါက လေယာဉ်ပြေးလမ်း အရှည်ပေ ၁၁၂၀၀ နှင့် အကျယ်ပေ ၂၀၀ ရှိမည် ဖြစ်သည်။ ယခုအခါ ရှစ်လက်မထုကွန်ကရစ်ခင်းခြင်း၊ ၎င်းအပေါ်မှ ၁၄ လက်မထု ကွန်ကရစ်ခင်းခြင်း၊ ယင်းအပေါ်မှ သုံးလက်မထု ကတ္တရာ ကွန်ကရစ်အောက်ခံ လွှာခင်းခြင်းစသည့် လုပ်ငန်းအဆင့်များ အားလုံးပြီးစီးပြီး အပေါ်ဆုံးအလွှာဖြစ်သော နှစ်လက်မထု ကတ္တရာကွန်ကရစ်မျက်နှာပြင်လွှာ ခင်းခြင်းလုပ်ငန်းကို စတင် ဆောင်ရွက်နေပြီဖြစ်သည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အရေးပေါ် အလိုအလျောက်မီးသတ်စနစ်ကို စမ်းသပ်စစ်ဆေးရန်၊ လက်ရှိပြီးစီး နေပြီဖြစ်သော လုပ်ငန်းများကို အရည်အသွေးမီဖြစ်ရေး ပြန်လည်စစ်ဆေးရန်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်း စံချိန်စံညွှန်းမီစွာဖြင့် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေ၊ လေယာဉ်ပေါ် တက်ဆင်း Passenger Loading Birdge တပ်ဆင်မှု၊ ပြည်ပထွက်ခွာကောင်တာ ပြီးစီးမှုနှင့် အခြေအနေ၊ Comveyor Belt တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မူလလေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်၌ ဆောင်ရွက်လျက်ရှိသည့် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုနှင့် လေယာဉ်ကွေ့ရန်နေရာ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကတ္တရာ ကွန်ကရစ်မျက်နှာပြင် ခံနိုင်ဝန်အားစမ်းသပ်နေမှုနှင့် လေယာဉ်ကွေ့ရန်နေရာ၌ နှစ်လက်မထု ကတ္တရာကွန်ကရစ်မျက်နှာပြင်လွှာခင်းခြင်း လုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာ သွားသည်။ **(သတင်းစဉ်)**

**ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။** (သတင်းစဉ်)



# အာရှအားကစားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များအား နိုင်ငံတော်အလံ အပ်နှင်း

ရန်ကုန် နိုဝင်ဘာ ၁၅

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြား ခြင်းနှင့် နိုင်ငံတော်အလံအပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။**

**အဖွဲ့လိုက်မိတ်ဆက်**

ရှေးဦးစွာ(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ကြမည့် မြား၊ ဘိလိယက်နှင့် စနူကာ၊ ပိုက်ကျော်ခြင်း၊သေနတ်ပစ်၊အလေးမ၊ ဝူရှူးနှင့်ရွက်လှေအားကစားအဖွဲ့တို့မှ အားကစားအဖွဲ့ဝင်များ၊ အုပ်ချုပ်မှု အဖွဲ့ဝင်များ၊ဂျူရီနှင့်ဒိုင်အဖွဲ့ဝင်များက ဝန်ကြီးအား အဖွဲ့လိုက် မိတ်ဆက် ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် က အမှာစကားပြောကြားပြီး မြန်မာ အားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာနယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနော်တောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။ **(ယာပုံ)**

ထို့နောက်မြန်မာအားကစားအဖွဲ့ခေါင်းဆောင်ဦးနော်တောင်ကကတိပြုစကား ပြန်လည်ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက်မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သည်ပြိုင်ပွဲအတွက်အုပ်ချုပ်ထောက်ပံ့ မှုနှင့် ဝတ်စုံများ ခင်းကျင်းဝတ်ဆင် သရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် နံနက် ၈ နာရီတွင် အင်းလျားကန်၌ကျင်းပသည့်၂၀၀၆ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဖလား လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေး သည်။

ယင်းနောက် ယနေ့ပြိုင်ပွဲ ပွဲစဉ် များကိုကျင်းပသည်။အဆိုပါမြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော် ပြိုင်ပွဲတွင် စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၃ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**■ ကျောဖုံးမှ**

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၃၀ ရှိပြီး ၂၇ ဦး တက်ရောက်ကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ် ပါတီမှ ဦးလီကွယ်ချင်းက အဖွင့်အမှာစကားပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အကြံပြုစာတမ်းများကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီကလည်းကောင်း၊ ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မောင်တုတ်က လည်းကောင်း၊ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးခေါင်ဒိုင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြ ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၁၀ နာရီ မိနစ် ၂၀တွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အင်္ဂလိပ်စာနှင့်ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း အလှူငွေများလက်ခံ

ရန်ကုန် နိုဝင်ဘာ ၁၅

**ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် International Language and Business Centre (ILBC)တို့ ပူးပေါင်း ဖွင့်လှစ်သည့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ International Language and Business Centre Assembly Hall ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ အလှူငွေများကိုလက်ခံသည်။**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နှင့် ကလေးငယ်များအတွက် ဆောင်ရွက် လျက်ရှိသော ပညာရည်မြင့်မားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ပညာရေးလုပ်ငန်း များအတွက် International Language and Business Centre နှင့် ဦးကျော်ကျော်လှိုင် (Smart Technical Services Co., Ltd)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးသိုင်းဝင်း- ဒေါ်ဌေးဌေးညွှန့် (BTB ကုမ္ပဏီ)၊ ဦးကျော်စိုးဝင်း (KSW မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးအောင်မြင့် [ဥက္ကဋ္ဌဒဂုံမြို့သစ်(တောင်ပိုင်း)အမှတ် (၂)စက်မှုဇုန်]နှင့် ဦးတင်ဌေးဦး (PEP နို့မှုန့်လုပ်ငန်း)တို့က ငွေကျပ်သုံးသိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၂၀၃၀၀၀ နှင့်ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ(သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်းစုစုပေါင်းအလှူငွေကျပ် ၂၆၀၃၀၀၀တို့ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌတို့က လက်ခံကြသည်။

ယင်းနောက် International Language and Business Centre မှ မန်နေဂျင်းဒါရိုက်တာဦးတင်မောင်ဝင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူး နှင့် တာဝန်ရှိသူများသည် I.L.B.C ရှိ စာကြည့်တိုက်နှင့် သင်တန်းသူများ၏ ကွန်ပျူတာသင်တန်းခန်းမတို့ကိုလိုက်လံ ကြည့်ရှုကြသည်။

**တက်ရောက်**

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၉ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီးသင်တန်းသူ ၉၆ဦးတို့တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**(၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ရန်ကင်းမြို့နယ် အထက (၂) ကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့ သော(၈၆)နှစ်မြောက် အမျိုးသား နေ့သဝဏ်လွှာကို မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြား စဉ်။** (က-ပ)



**နိုဝင်ဘာ ၁၄ရက်က (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို အင်းစိန်မြို့နယ်အထက(၁)တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားစဉ်။** (က-ပ)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့က ဦးဆောင်၍ အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့နယ် အမှတ်(၃) ပျဉ်းမနားသကြားစက် လုပ်သားခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ တိုင်းရင်းသားလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ဥပဒေရေးရာ လေ့လာရေးနှင့်အကြံပြုရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ ဒေသစည်းရုံးရေးမှူး ဒေါ်ခင်နွယ်နွယ်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းမြတ်နီလာအောင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမှတ်(၂)၊ အမှတ်(၃) ပျဉ်းမနား သကြားစက်မှ တာဝန်ရှိသူများ၊ဝန်ထမ်းများ၊ ဆရာမများ၊ ညောင်ပင်သာ၊ သနပ်ပင်ဆိပ်၊ ဆင်သေ၊ ဈေးကုန်းနှင့် မအူပင်ရွာတို့မှ ဒေသခံပြည်သူများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

**ဆွေးနွေးဟောပြော**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ **(အပေါ်ပုံ)**က "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာ"ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ဒေါ်ဌေးဌေးထွန်းက "လူကုန်ကူးမှု ပြဿနာများအကြောင်း"ကိုလည်းကောင်း၊ ပျဉ်းမနားခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးအေးကိုကိုက HIV/ AIDS အကြောင်းကိုလည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဟောပြောသည့် အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ ၁၄ ရက်က ၂၀၀၆ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို အလုံမြို့နယ် အထက(၃)ကျောင်းခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၆)နှစ် မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့် ဖတ်ကြားစဉ်။** (က-ပ)

# မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်သရုပ်ပြရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်သရုပ်ပြ ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်-တကောင်း ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ စာပေနှင့်စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ မိုဘိုင်းလ်လုပ်ငန်းရှင်များနှင့် ကွန်ပျူတာနှင့် မိုဘိုင်းလ်ဝါသနာရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်းဖြေကြား**

ရှေးဦးစွာ My Myanmar Unicode System မှ ပရောဂျက်မန်နေဂျာဦးမြင့်သူက အဖွင့်အမှာစကား ပြောကြားပြီး မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်တီထွင်သူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား မောင်ထူးမြင့်နောင်**(အောက်ပုံ)**က မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်တီထွင်ရခြင်းအကြောင်းရင်းနှင့် ၎င်းစနစ်၏ အသုံးဝင်ပုံများကို အသေးစိတ် ရှင်းလင်းတင်ပြ၍ ကြွရောက်လာကြသော ဧည့်သည်များ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

**စီစဉ်နေ**

ယခုတီထွင်လိုက်သည့်မိုဘိုင်းလ် ဆက်သွယ်ရေးစနစ်သုံး မြန်မာစာ စနစ်မှ မိမိပေးပို့လိုသော သတင်းအချက်အလက်များကို မြန်မာ ဘာသာ စကားနှင့်သာမက အင်္ဂလိပ်ဘာသာ စကားကိုပါ တစ်ပါတည်း ရောနှော အသုံးပြုနိုင်မည်ဖြစ်ပြီး အလွန် အဆင့်နိမ့်သော Model မိုဘိုင်းလ် ဖုန်းများမှအပ မည်သည့်အမှတ်တံဆိပ်ပါ မိုဘိုင်းလ်ဖုန်းမျိုးတွင်မဆို အလွယ်တကူ အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ စနစ်ကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အများပြည်သူတို့ အသုံးပြုနိုင်ရန် စီစဉ်နေကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရှာရန်ရာနှုန်း ၆၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အာရှအသက်(၁၉)နှစ်အောက်ခြေစစ်ပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် နိုဝင်ဘာ ၁၅**

၂၀၀၇ ခုနှစ် အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ည ဒေသစံတော်ချိန် ည ၇နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ဆက်လက်ကျင်းပရာ (က)အုပ်စုပွဲစဉ်အဖြစ် မြန်မာ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် စင်ကာပူအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၄ မိနစ်တွင် နော်အားလိုဝါးဖော၊ ၂၉ မိနစ်တွင် ခင်မိုးဝေနှင့် ၃၂ မိနစ်တွင် ခင်မာလာထွန်းတို့က သွင်းယူကြပြီး ပထမပိုင်း၌ မြန်မာအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း သုံးမိနစ်တွင် အေးအေးခိုင်၊ ရှစ်မိနစ်တွင် မူမူလွင်၊ ၁၅ မိနစ် တွင် နော်အားလိုဝါးဖော၊ ၁၇မိနစ်တွင် ခင်မာလာထွန်း၊ ၂၃မိနစ်တွင် ခင်မိုးဝေ၊ မိနစ် ၃၀တွင် နော်အားလိုဝါးဖော၊ ၃၄ မိနစ်တွင် ခင်မာလာထွန်းနှင့် ၃၆ မိနစ်တွင် သန္တာမိုးတို့က အသီးသီးသွင်းယူခဲ့ကြသည်။

မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် (က)အုပ်စုတွင် လေးပွဲ ကစားသုံးပွဲနိုင်၊ တစ်ပွဲသရေ ၁၀ မှတ်ဖြင့် အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲ အောင်မြင် သွားသည်။ ထိုင်းအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းသည် (က)အုပ်စုတွင် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ ၁၀ မှတ်ဖြင့် မြန်မာ အသင်းနှင့် အမှတ်တူ ဖြစ်သော်လည်း သွင်းဂိုးကွာခြားမှုကြောင့် ထိုင်းအသင်း က (က)အုပ်စု ပထမ ရရှိသွားခြင်းဖြစ်သည်။

(က)အုပ်စုမှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ၂၀၀၇ ခုနှစ် အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ပါဝင်ခွင့်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်ဆန်းသူရိယလှသောင်းကျောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

အထက(၂)မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)တွင် ၁၉၇၂ ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့) တွင် လှသောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အထက(၂)မင်္ဂလာဒုံ ဖုန်း-၆၃၅၃၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**



# ဝါးခယ်မနှင့်မင်္ဂလာဒုံမြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဆေးရုံရပ်ကွက် ၂လမ်းနေ ဦးကျော်ရွှေမိုး၏အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ နိုဝင်ဘာ ၁၃ ရက် ည ၉ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ် ၁၇ လုံး မီးလောင်ခံရပြီး လူ ၇၃ ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၁၅သိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

အလားတူ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အပိုင်(၁၅) ပိတောက်လမ်း အမှတ်၈၁နေ ဦးစိုင်းဝဏ္ဏအောင်၏အိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ နိုဝင်ဘာ ၁၄ ရက်နံနက် ၂နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်၃၆လုံး မီးလောင်ခံရပြီး လူ၁၈၄ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ်၄၇သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်အားပြင်း ငလျင်တစ်ခုလှုပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၅၃ မိနစ် ၁၈ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၉၀၀ ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

# အီရတ်ကပေးသော ဒီမိုကရေစီသင်ခန်းစာ

အရှေ့အလယ်ပိုင်းဒေသ အီရတ်နိုင်ငံ၏ တစ်ချိန်က ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကို ကြိုးမိန့်ပေးလိုက်ပြီဖြစ်ကြောင်း CNN Newsတွင် ကြေညာလိုက်သည်ကို တွေ့ရသည်။ တစ်ဆက်တည်းမှာပင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် လမ်းမများပေါ်၌ လက်ခုပ်လက်ဝါးတီး ပျော်ရွှင်နေသော လူတစ်စုကို တွေ့မြင်ကြရသည်။ အချို့ကလည်း သေနတ်များကို မိုးပေါ်ထောင်၍ ပစ်ဖောက်ကြသည်။ အောင်မြင်မှုသဘော၊ ဝမ်းမြောက်သည့် အထိမ်းအမှတ်ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ယင်း၏ နောက်ဆက်တွဲသတင်းမှာ ဘဂ္ဂဒက်မြို့တော်တွင် လူ ၁၁ ဦး ဗုံးကွဲသေဆုံးခြင်း ဖြစ်နေပြန်သည်။ ဗုံးကွဲသည့်ပတ်ဝန်းကျင်တစ်ဝိုက် အပျက်အစီးများ၊ သွေးစသွေးနများကို ရေပိုက်များဖြင့် ဆေးကြောသန့်စင်နေကြသကဲ့သို့ လူနာတင်ယာဉ်များဖြင့် ဒဏ်ရာအနာတရ ရသူအချို့အား သယ်ဆောင်သွားကြသည်။ ရင်ဘတ်စည်တီးဖြင့် ငိုကြွေးနေကြသော လူတစ်စုကိုလည်း တွေ့မြင်လိုက်ရသည်။ ဖြေမဆည်နိုင်အောင် ဝမ်းနည်းသည့်သဘော၊ ယူကြုံးမရသည့်ဟန်ပန် ဖြစ်ပါလိမ့်မည်။

အမှန်တွင် အီရတ်နိုင်ငံ၏ အခြေအနေသည် စိုးရိမ်စိတ်ပျက်ဖွယ်ရာ အကောင်းဆုံးသော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသတွင် ထည်ဝါခံ့ညားစွာ ရပ်တည်နိုင်ခဲ့သော အီရတ်နိုင်ငံဆိုသည်မှာ အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သည်။ လက်ရှိနိုင်ငံရပ်ခြား အထောက်အပံ့ကို မှီခို၍ ရပ်တည်နေရသော ရပ်သေးအစိုးရ အနေဖြင့်လည်းကောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အီရတ်မြေပေါ်တွင် အခြေစိုက်ထားသော တိုင်းတစ်ပါးတပ်များအနေဖြင့်လည်းကောင်း ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်နိုင်ရန်ဆိုသည်မှာ လွန်စွာမှ ယုံကြည်ရန်ခက်ခဲလှပါသည်။ အလွန်ဆိုးသွမ်းသော၊ အာဏာရှင်ဆန်သည်ဆိုသော ဆက်ဒမ်ဟူစိန် အစိုးရအား ၂၀၀၃ ခုနှစ် ဧပြီလတွင် ဖြုတ်ချနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆက်ဒမ်ဟူစိန်အား အရှင် လက်ရဖမ်းဆီးမိခဲ့သည်။ ယခု ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် အီရတ်တရားရုံးက ဆက်ဒမ်ဟူစိန်ကို ကြိုးမိန့်ပေးခဲ့ပြီဖြစ်သည်။ သို့သော် လူအများမျှော်လင့်သကဲ့သို့ အီရတ်နိုင်ငံမှာ နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်မှု တစ်စုံတစ်ရာ ဘာမျှရရှိမလာခဲ့ပါ။ ဒီမိုကရေစီ ဖော်ဆောင်နိုင်ခြင်း မတွေ့ရပါ။ အပြုံပြုံ အလဲလဲဖြင့် သွေးချောင်းစီးသော စစ်တလင်းကြီးတစ်ခုအဖြစ်သာ ကျန်ရှိနေသည်ကို မျက်ဝါးထင်ထင် မှတ်တမ်းတင်ကြရလိမ့်မည် ဖြစ်ပါသည်။

မျက်မှောက်ကမ္ဘာ့ရေးရာများကို ရှုမြင်ရင်း ၁၉၇၀ ပြည့်နှစ်ကာလများကို နောက်ကြောင်းပြန် တွေးကြည့်မိသည်။ ထိုစဉ်က ကမ္ဘာ့အခြေအနေမှာ စစ်အေးကာလ နိုင်ငံကြီးနှစ်နိုင်ငံ၏ အားပြိုင်မှုအကောင်းဆုံးကာလများဖြစ်သည်။ ဆိုဗီယက်တို့က အရေအတွက်ကို ဦးစားပေး၍ အမေရိကန်တို့က အရည်အသွေးကို အဓိကထားသည်။ နည်းပညာ အသစ်အဆန်းများကို အပတ်တကုတ် ကြိုးစားရှာဖွေသည်။ သို့ဖြင့် ဥရောပ၊ အာရှ အစရှိသော ဒေသကြီးများတွင် အရှေ့အုပ်စုနှင့် အနောက်အုပ်စု အားပြိုင်မှုများ ကြီးထွားခဲ့သည်။

၁၉၆၉ ခုနှစ် တရုတ်–ဆိုဗီယက်နယ်နိမိတ် ပဋိပက္ခ၊ ၁၉၇၃ ခုနှစ် အာရပ်–အစ္စရေးစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ စသည်တို့ဖြင့် ရှုပ်ထွေးနေချိန်တွင် မြန်မာနိုင်ငံသည်လည်း လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု မည်သို့ရှိပါသနည်း။ လွတ်လပ်၍ တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှုကြောင့် ပြည်ပရန်မရှိသော်လည်း ပြည်တွင်း သောင်းကျန်းမှုများရှိနေသည်။ ပဲခူးရိုးမတွင် အခြေပြုထားသော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ လှုပ်ရှားမှု အကြီးထွားဆုံးအချိန် ဖြစ်ခဲ့သည်။ ရန်ကုန်မြို့တော်နှင့် မိုင် ၁၀၀ ခန့်ကွာဝေးသော ညောင်လေးပင်၊ ဖြူးအစရှိသည့် မြို့များသို့ သွားရောက်ရသော ကားလမ်း၊ ရထားလမ်းခရီးမှာပင် လုံခြုံမှု မရှိ၊ ပဲခူးမှထွက်သည်နှင့် စစ်ယာဉ်တန်းများနှင့် သွားလာခဲ့ရသော အချိန်ကာလများဖြစ်သည်။ ယင်းမြို့များရှိ ရုပ်ရှင်ရုံများတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး ထိုစဉ်က လက်ပစ်ဗုံးအမျိုးအစားမျိုး ဖြစ်၍သာတော်တော့သည်။ ၁၉၇၅ ခုနှစ် နှစ်ဦးပိုင်း သခင်ဇင်၊ သခင်ချစ်တို့အား တပ်မတော်က ချေမှုန်းနိုင်သည့်အချိန် ရောက်ရှိမှသာ ပဲခူးရိုးမတွင် ဗကပချုပ်ငြိမ်း၍ မြန်မာနိုင်ငံအောက်ပိုင်းနှင့် အလယ်ပိုင်း ဆက်သွယ်မှု လမ်းကြောင်း လုံခြုံမှုရရှိခဲ့ခြင်း ဖြစ်လေသည်။

## ရဲရင့်တင့်ဆွေ

၁၉၈၀ ပြည့်နှစ်ကာလများ အရောက်တွင်မူ နိုင်ငံတကာအခြေအနေမှာ ပြောင်းလဲမှုများ ရှိလာခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ရုရှားတို့က အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်ခဲ့သကဲ့သို့ တရုတ်–ဗီယက်နမ်နယ်စပ်စစ်ပွဲဖြစ်ခဲ့သည်။ အရှေ့အလယ်ပိုင်းတွင် အီဂျစ်သမ္မတ အမ်ဝါဆာဒတ် လုပ်ကြံခံရပြီး အစ္စရေးတို့က အီရတ် နျူကလီးယားဓာတ်ပေါင်းဖိုအား ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အီရန်တွင် အမေရိကန်ထောက်ခံသော ရှားဘုရင်နန်းဆက် ပြုတ်ကျခဲ့သည်။ ဗြိတိန်နှင့်အာဂျင်တီးနား နှစ်နိုင်ငံအကြား ဖောက်ကလန်ကျွန်းစစ်ပွဲ ဖြစ်ပွားခဲ့သည်။

ထိုစဉ် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအတွင်း အမေရိကန်တို့က အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးအတွက် အမျိုးသားမဟာဗျူဟာ တစ်ရပ်ဖော်ထုတ်ရန် အပြင်းအထန်ကြိုးစားလာခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံသည်ကား အရှေ့မြောက်ဘက်ဒေသရှိ အလွန်အားကောင်းနေသော ဗကပသောင်းကျန်းသူများကို ရင်ဆိုင်ဖြိုခွင်းနေရချိန်ဖြစ်သည်။ ချူးရွှေ၊ ပန်ကောက်၊ နောင်လှိုင်၊ ပါဖန်၊ မန်ခူး၊ မန်ခါးနှင့် စီစီဝမ် တာပန်အစရှိသော တိုက်ပွဲကြီးများကို ရင်ဆိုင်ဆင်နွှဲခဲ့ရသည်။ ယင်းနောက် အရှေ့တောင်ဘက်ဒေသရှိ KNU သောင်းကျန်းသူများအား မဲသဝေါ၊ မော်ဖိုးကေ စသော နယ်စပ်တိုက်ပွဲကြီးများနှင့် ရင်ဆိုင်ဆင်နွှဲနေရပြန်သည်။ ထိုစဉ်က ရန်ကုန်မြို့တော်နှင့် မိုင် ၁၀၀ ခန့်သာ ကွာဝေးသော စစ်တောင်းတံတားကိုကျော်သည်နှင့် ခရီးသွားပြည်သူအားလုံးအတွက် မလုံခြုံသော အချိန်ပင်ဖြစ်သည်။ ကရင်ပြည်နယ်၏မြို့တော် ဘားအံသည်ပင်လျှင် သောင်းကျန်းသူတို့၏ လက်နက်ကြီးနှင့် လာရောက်ပစ်ခတ်မှုဒဏ်ကို မကြာခဏ ခံရချိန်ဖြစ်သည်။ ဘားအံမှ မိုင် ၆၀ ဝန်းကျင်ခန့်သာ အကွာအဝေးရှိသော ဒေါနတောင်တန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင်ပင် တပ်မတော်စစ်ကြောင်းများဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် ရင်ဆိုင်ကာကွယ်နေခဲ့ရချိန်များလည်း ဖြစ်ပါသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာ့အခြေအနေများမှာ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံများ ပြိုကွဲသွားသည်။ ကမ္ဘာတွင် အင်အားချိန်ခွင်လျှာ ညီမျှမှုမရှိတော့ဘဲ အမေရိကန် တစ်နိုင်ငံတည်းကသာ မဟာအင်အားကြီးဖြစ်လာသည်။ အမေရိကန်တို့အတွက် ဦးတည်ရန်သူ ဆိုသည်မှာလည်း ပျောက်ကွယ်သွားခဲ့သည်။ ၎င်းတို့၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာတွင် အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့တောင်အာရှဒေသ၊ တောင်အမေရိကနှင့် အာဖရိကဒေသတို့ကို ပြောင်ပြောင်တင်းတင်း ဦးစားပေးလာသည်။ အမျိုးသား အကျိုးစီးပွားအတွက် အမေရိကန်တို့၏ ပဓာနအကျိုးစီးပွား၊ အရေးကြီးအကျိုးစီးပွားနှင့် လူသားချင်းစာနာထောက်ထားသည့် အကျိုးစီးပွားဟူ၍ ပြဋ္ဌာန်းလာခဲ့သည်။ ယင်းပြဋ္ဌာန်းချက်ဖြင့် ဦးစားပေး ကမ္ဘာ့အရပ်ဒေသများကို ဝင်ရောက်စွက်ဖက်လာခဲ့တော့သည်။

ထိုစဉ်က မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးအရ အစိုးရအလှည့်အပြောင်းဖြစ်ခဲ့ပြီး ရန်ကုန်မြို့တော်တွင် သူတစ်လူ ငါတစ်မင်းဖြင့် မင်းမဲ့၊ ဥပဒေမဲ့အကြမ်းဖက်မှုများ ဖြစ်လာသည်။ နိုင်ငံအဝန်း ဆူပူအုံကြွမှုများဖြစ်ပွားခဲ့ရာ အခြေအနေကို တပ်မတော်က ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ မြေပေါ်မြေအောက် သောင်းကျန်းသူအစုအဖွဲ့များက မင်းမဲ့စရိုက်ဖြင့် ထကြွသောင်းကျန်းနေချိန်လည်း ဖြစ်ခဲ့သည်။ တပ်မတော်သည် မြန်မာနိုင်ငံမြောက်ပိုင်း မိုင်းယန်းဒေသတွင် ဗကပနှင့် အဆုံးအဖြတ်ပေးတိုက်ပွဲကြီးများ ရင်ဆိုင်ဆင်နွှဲခဲ့ရပြီး နိုင်ငံ၏ အရှေ့တောင်ဘက်တွင်လည်း KNU တို့အား အဆုံးအဖြတ်ပေး မဲသဝေါတိုက်ပွဲကို ရင်ဆိုင်ချေမှုန်းခဲ့ရသည်။ ယင်းမှ နောက်ပိုင်း မျက်မှောက်ကာလတွင်မူ နိုင်ငံတစ်ဝန်း တစ်စထက်တစ်စ တည်ငြိမ်လုံခြုံစွာဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းနိုင်လျက် ရှိနေပြီဖြစ်သည်။

အီရတ်နိုင်ငံ၏ နောက်ခံသမိုင်းကြောင်းမှာ အလွန်နက်ရှိုင်းလှသည်။ ရှီရိုက်က တစ်မျိုး၊ ဆွန်နီက တစ်ဖုံ၊ ကာဒ်က တစ်သွယ်ဖြစ်ပြီး ချက်ချင်းလက်ငင်း အတူတကွလက်တွဲ၍ နိုင်ငံထူထောင်ဖို့ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်သဖွယ် ဖြစ်နေသည်။ ဆက်ဒမ်ဟူစိန်မတိုင်ခင်က စစ်ဘက်အာဏာသိမ်းမှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့သော အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်လက်ထက်တွင် အရှေ့အလယ်ပိုင်းဒေသ၏ အင်အားအကြီးမားဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်ကိုမူ အငြင်းပွားဖွယ်ရာမရှိဟု ဆိုရပေမည်။ ထိုအချိန်တွင် ဆက်ဒမ်ဟူစိန်အစိုးရ၏ အမှားအချို့အား ထောက်ပြ၍ အီရတ်ပြည်သူများ လွတ်မြောက်ရန်၊ ဒီမိုကရေစီဖော်ဆောင်ပေးရန်ဆိုသည့် အမေရိကန်တို့၏ အကြောင်းပြပိတ်ဆို့မှု၊ စစ်ပွဲဆင်နွှဲခဲ့မှုများသည် အီရတ်ပြည်သူတစ်ရပ်လုံးအတွက် ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပေသည်။

**အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံ့အစိုးရကိုသော်လည်းကောင်း၊ နိုင်ငံ့ဦးသျှောင်ကိုသော်လည်းကောင်း အကြောင်းရှာယိုးမယ်ဖွဲ့၍ အဘက်ဘက်က လုပ်ကြံစွပ်စွဲတိုက်ခိုက်ခြင်းသည် ယင်းနိုင်ငံအား နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ပြောင်းလဲပေးနိုင်သည့် အဖြေမှန်မဟုတ်ကြောင်းကို အီရတ်နိုင်ငံဖြစ်စဉ်က သင်ခန်းစာရယူနိုင်မည် ဖြစ်သည်။**

နိုင်ငံတိုင်းသည် ယင်းနိုင်ငံ၏လူမျိုးများ၊ သမိုင်းကြောင်းနောက်ခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ တည်နေရာ ပတ်ဝန်းကျင်အနေအထားများအပေါ် တည်မှီ၍ ကြီးစွာသော ကွဲလွဲမှုများရှိကြသည်။ မည်သို့မျှ ထပ်တူမဖြစ်နိုင်သော အခြေအနေများလည်းရှိသည်။ စင်စစ်တွင် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေ အလှည့်အပြောင်းသည် နိုင်ငံတကာ၏ ပြောင်းလဲမှု ဖြစ်စဉ်ဖြစ်ရပ်များနှင့်လည်း ဆက်စပ်၍ ပြောင်းလဲမှုဖြစ်ရသည်မှာ မှန်သော်လည်း ယင်းနိုင်ငံသူ၊ နိုင်ငံသားများ၏ ဓလေ့စရိုက်နှင့် ပြောင်းလဲသည့် ခေတ်စနစ်တို့ အသားကျရန်အတွက်မူ သင့်တော်သော အချိန်ကာလတစ်ခု မဖြစ်မနေလိုအပ်ပါလိမ့်မည်။

မည်သို့ဆိုစေ ဆယ်စုနှစ်များစွာချီ၍ နိုင်ငံတော်လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြံ့ကြံ့ခံ ကာကွယ်စောင့်ရှောက် တည်ဆောက်နေသူများကသာလျှင် အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှုကို အစဉ်စောင့်ရှောက် ထိန်းသိမ်းနိုင်မည်ဖြစ်သကဲ့သို့ ဤမြေမှာမွေး၊ ဤရေကိုသောက်၍ နိုင်ငံ၏သမိုင်းကြောင်းတွင် အတူတကွ လက်တွဲကြီးပြင်းလာကြသည့် နိုင်ငံသူ၊ နိုင်ငံသားများကသာ ကိုယ့်နိုင်ငံကြမ္မာကို ကိုယ့်ဘာသာ ဖန်တီးလျှောက်လှမ်းကြရမည့်သူများဖြစ်သည်ကို အလေးအနက် ခံယူယုံကြည်ထားရှိကြရမည် ဖြစ်ပေသည်။ ။



နိုဝင်ဘာ ၁၄ ရက်က သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တွင် (၈၆) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်နွဲ့က အမျိုးသားနေ့အကြောင်း ဟောပြောစဉ်။ (က–ပ)

## မြဝတီရုပ်မြင်သံကြား

၁၆–၁၁–၂၀၀၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”** (အပိုင်း–၃၃)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (အပိုင်း–၂၃)

# မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ နိုင်ပွဲရနိုင်ပြီး လီဗာပူးတို့ အခက်အခဲ ကြုံတွေ့ဖွယ်ရှိသည့် ပရီမီယာလိဂ်ပွဲစဉ်(၁၃)

**သုံးသပ်တင်ပြသူ – မောင်ချစ်ကြည်**

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပွဲစဉ်တစ်ခုထက်တစ်ခု စိတ်ဝင်စားစရာကောင်းလာသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကား ပရိသတ်အာရုံကို ဖမ်းစားထားလျက်ရှိရာ တန်းစီဇယား ထိပ်ဆုံးရောက် အသင်းကြီးများ၏ ရလဒ်များကို မျှော်လင့်စောင့်စားရသည်မှာလည်း ရင်ခုန်ဖွယ်ရာ ကောင်းလှပြီဖြစ်သည်။

ပရီမီယာလိဂ်သရဖူကို အခုနှစ်တွင် ချယ်လ်ဆီးလက်မှ မန်ယူကလုယူရန် ကြိုးစားနေပြီဖြစ်ရာ ထိပ်ဆုံးရောက် အသင်းကြီးများ ပွဲတိုင်းရလဒ်ကောင်းအောင် ကစားနေကြပြီဖြစ်သည်။ ပွဲစဉ်(၁၂)၌ ယခုနှစ်မှ အတန်းတက်လာသော ဝက်ဖို့ဒ်ကဲ့သို့ အသင်းလေးကိုပင် ချယ်လ်ဆီးတို့က လူစုံထုတ်ပြီး အမာခံဘောလုံးသမားများကို ပွဲထုတ်ကာ ဖိဖိစီးစီး ကစားခဲ့သည် ဖြစ်ရာ အမှားမခံအောင် ကြိုးစားနေကြောင်း ပေါ်လွင်နေသည်။ ထိပ်ဆုံးမှ မန်ယူကလည်း ပွဲတိုင်း အနိုင်ရအောင် စနစ်တကျ ပြင်ဆင်ကစားနေရာ ပရီမီယာလိဂ်သည် ရင်ခုန်လှိုက်မောဖွယ်ရာအထိ ဖြစ်လျက်ရှိသည်။

ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဆက်လက်ကစားမည်ဖြစ်ရာ မန်ယူက ရှက်ဖီးနှင့် ကစားရမည်ဖြစ်သည့်အတွက် ပွဲချောင်နေသကဲ့သို့ ချယ်လ်ဆီးက ဝက်စ်ဟမ်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ရာ အခြေအနေကောင်းရှိနေသည်။ အာဆင်နယ်က နယူးကာဆယ်နှင့် တွေ့ရမည်ဖြစ်ပြီး မစ်ဒယ်ဘရော့နှင့် လီဗာပူးတို့ပွဲက အကြိတ်အနယ်နွှဲရမည့် အနေအထား ရှိနေသည်။

### ရှက်ဖီးနှင့်မန်ယူ

ကစားရှိန်တက်နေသောမန်ယူတို့ နိုင်ပွဲဆက်တိုက်ရမည့်ပွဲပင်ဖြစ်သည်။ ရှက်ဖီးမှာ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းအောင် မဖန်တီးနိုင်သော အသင်းဖြစ်ရာ မန်ယူတို့ စိတ်ကြိုက် ကစားကာ ဂိုးပြတ်သွင်းယူမည့်အနေအထားရှိသည်။ ရှက်ဖီးတွင် အားကိုးစရာတိုက်စစ်မှူး ဟူလ်ဆေးတစ်ဦးတည်းသာရှိသည်။ သို့သော်ရစ်ချက်နှင့် မော်ဂင်တို့ကလည်း ကစားအားကောင်းသူများဖြစ်ပြီး ဂိုးလည်းသွင်းယူနိုင်ကြသည် ဖြစ်ရာ မန်ယူတို့ အလေးထား ကစားရမည်သာဖြစ်သည်။ ဖာဂူဆန်သည် မျက်နှာသစ် ရှက်ဖီးကို အမာခံဘောလုံးသမားများထုတ်ပြီး ကစားမည်ဖြစ်ရာ နိုင်ပွဲဆက်တိုက်ယူရေးနှင့် ဂိုးပြတ်သွင်းနိုင်ရေး ဦးတည်ချက်နှစ်ခု စလုံးကို ယခုပွဲ၌ သေချာပေါက်လုပ်ဆောင်မည်သာဖြစ်သည်။

မန်ယူတို့ ကံကောင်းသည်မှာ ဒဏ်ရာရသူအချို့ ရှိနေသော်လည်း အသစ်ခေါ်ယူထားသည့် မိုက်ကယ်ကာရစ်၊ ဗီဒစ်၊ အီဗရာတို့ကလည်း အသင်းနှင့် အံဝင်ခွင်ကျဖြစ်နေပြီဖြစ်ရာ လောလောဆယ်တွင်ရှေ့၊လယ်၊နောက် ကစားအားမှာ ရှက်ဖီးတို့ ယှဉ်နိုင်ဖွယ်မရှိချေ။ မန်ယူတို့ ဂိုးမည်မျှသွင်းယူမည်ကိုသာ စောင့်ကြည့်ရမည့်ပွဲဖြစ်သည်။

### ချယ်လ်ဆီးနှင့်ဝက်စ်ဟမ်း

အိမ်ကွင်းရှုံးပွဲမရှိသေးသောချယ်လ်ဆီးတို့ အသင်းတိုင်းကို အလေးထား ကစားနေရပြီဖြစ်ရာ ယခုပွဲ မိမိကွင်း၌ ကစားရမည်ဖြစ်သော်လည်းဝက်စ်ဟမ်းကို စနစ်တကျ ပြင်ဆင်ကစားမည်ဖြစ်သည်။ ထိပ်ဆုံးမှ မန်ယူကို ဆက်တိုက်ဖိအားပေးရန် ချယ်လ်ဆီးတို့ ကြိုးစားနေရပြီဖြစ်ရာ ဝက်စ်ဟမ်းကို အနိုင်ရအောင်အမာခံဘောလုံးသမားများ ထုတ်သုံး ကစားမည်သာဖြစ်သည်။ ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ၏ တွန်းတွန်းတိုက်တိုက်ထိုးဖောက်ကစားမှုကို ဝက်စ်ဟမ်းနောက်တန်းခံနိုင်မည် မဟုတ်ချေ။ ရော်ဘင်၊ လမ်းပတ်၊ အက်စီယမ်တို့ကလည်း အကွက်စေ့အောင် ကစားနိုင်ကြသူများဖြစ်သလို ဂိုးလည်းသွင်းနိုင်ကြသူများဖြစ်သည်။ ဒရော့ဘာသည် လောလောဆယ်ပရီမီယာလိဂ်၌ တစ်ဦးတည်း ရှစ်ဂိုးသွင်းကာ ဂိုးအများဆုံးသွင်းထားသူအဖြစ် ရပ်တည်နေသည်။

ဝက်စ်ဟမ်းမှာ အိမ်ကွင်းနိုင်ပွဲ တစ်ပွဲမျှ မရသေးသည်ဖြစ်ရာ ယခုပွဲလည်း အနိုင်ရရန်မလွယ်ချေ။ ဝက်စ်ဟမ်း တိုက်စစ်မှူး ဇာမိုရာက ကြံ့သလိုဂိုးသွင်းနိုင်သော်လည်း တယ်ရီဦးဆောင်သည့် ချယ်လ်ဆီးခံစစ်ကြောင်းကို အလွယ်တကူ ထိုးဖောက်ကျော်လွှား၍ ရမည်မဟုတ်ရာ ချယ်လ်ဆီးတို့ နိုင်ပွဲပင်ဖြစ်သည်။ မနှစ်ကရလဒ်အရ ချယ်လ်ဆီးတို့က ဝက်စ်ဟမ်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသည်ဖြစ်ရာ ၎င်းရလဒ်အတိုင်း ယခုပွဲ၌လည်း ဖြစ်လာဖွယ်ရှိနေသည်။

### အာဆင်နယ်နှင့် နယူးကာဆယ်

ပရီမီယာလိဂ်၌ ပုံမှန်ခြေစွမ်းပြန်ရလာသော အာဆင်နယ်တို့ ပြိုင်ဘက်လီဗာပူးကို ဂိုးပြတ်သွင်း အနိုင်ယူနိုင်ခဲ့သဖြင့် စိတ်ဓာတ်တက်နေချိန်ဖြစ်ရာ ယခုပွဲ နယူးကာဆယ်ကို အနိုင်ကစားမည်ဖြစ်သည်။ နယူးကာဆယ်တို့ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်မကောင်းသည်ဖြစ်ရာ နည်းပြ ဂလင်းရိုဒါလည်း ဖိအားပေးခံနေရပြီဖြစ်သည်။ နယူးကာဆယ်၏ လက်ရှိ ခြေစွမ်းမှာ အာဆင်နယ်ကို မည်သို့မျှ အနိုင်ယူမည့်ခြေစွမ်းမျိုးမရှိရာ အာဆင်နယ်တို့ အပေါ်စီးမှ ကစားကာ ဂိုးများသွင်းနိုင်အောင် အာစင်ဝင်းဂါး စီစဉ်မည်သာဖြစ်သည်။

ပရီမီယာလိဂ်သရဖူလုပွဲ ကြိုးဝိုင်းအတွင်းမှ မိမိတို့ထွက်မည်မဟုတ်ဟု ကြေညာထားသော အာစင်ဝင်းဂါးက အွန်နရီ၊ ဗန်ပါစီ တို့အားကိုးဖြင့် နယူးကာဆယ်ကို မနှစ်က နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည့်ရလဒ်ထက် မနိမ့်သော ရလဒ်ကိုရအောင်ယူမည်သာဖြစ်သည်။

အာဆင်နယ်တွင် ဖလာမီနီ၊ တိုရေးနှင့် ဂါးလက်စ်တို့ကလည်း ဂိုးများ သွင်းယူနိုင်ကြရာ ခြေစွမ်းပြလာသော အာဆင်နယ်ကို နယူးကာဆယ်တို့ သရေပွဲပင် မျှော်မှန်း၍ မရနိုင်ပါချေ။

### မစ်ဒယ်ဘရော့နှင့်လီဗာပူး

အကြိတ်အနယ် နွှဲရမည့် ပွဲပင်ဖြစ်သည်။ လီဗာပူးတို့ မစ်ဒယ်ဘရော့ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမည်မှာ သေချာနေသည်။ လီဗာပူး၏ ခြေမှာ ယခုနှစ်၌ မငြိမ်၊ အဝေးကွင်းလည်း နိုင်ပွဲတစ်ပွဲမျှ မရ၊ ခံစစ်ကြောင်းကလည်း အားနည်းမှု ရှိနေသဖြင့် နည်းပြ ဘင်နီတက်ခ် သေသေချာချာ ပြင်ဆင်ပါမှ တော်ကာကျပေလိမ့်မည်။

လီဗာပူးရှေ့တန်းတွင် ဒရက်ကွတ်သာ ဂိုးသွင်းခြေမှန်သူဖြစ်ပြီး စတီဗင်ဂျရတ်လည်း မနှစ်ကကဲ့သို့ ခြေစွမ်းမပြနိုင်ဖြစ်နေသည်။မစ်ဒယ်ဘရော့ခြေတွေ့လျှင် လီဗာပူးကို အနိုင်ကစားသွားနိုင်သည့် အနေအထားရှိသည်။ မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူ၊ ဟန့်တို့က ကစားအားရှိသလိုရှိချင်ဘတ်၊ ဘောတန်၊ ပိုဂါတက်ဇ်နှင့် မက္ကာရိုနီတို့ကလည်း အတွဲညီညီကစားနိုင်ကြသူများဖြစ်သည်။

မနှစ်ကရလဒ်မှာဂိုးမရှိသရေဖြစ်ရာ ယခုပွဲရလဒ်လည်း လီဗာပူးတို့ သရေပွဲရလဒ်ရရန်ပင် ကြိုးစားရမည့် အနေအထားရှိသည်။ မစ်ဒယ်ဘရော့တို့ပင် အသာရနိုင်သည်။

### အဲဗာတန်နှင့် ဘော်လ်တန်

ယခုနှစ် ပရီမီယာလိဂ်၌ ခြေစွမ်းတက်လာသော အသင်းများဆုံတွေ့သည့်ပွဲဖြစ်သည်။ နှစ်သင်းစလုံး ရှေ့၊ လယ်၊ နောက်တောင့်တင်းမှုမကွာချေ။ သို့သော် အဲဗာတန် တိုက်စစ်မှူးများက ဂိုးသွင်းစွမ်းရည်ပိုမြင့်မားသည့် အဲဗာတန်တွင် အင်ဒရူးဂျွန်ဆင်က ဂိုးသွင်းအားကောင်းသော်လည်း အားထားရသူ တင်ကာဟေး ဒူးဒဏ်ရာရရှိခဲ့သဖြင့် ကာလအတန်ကြာ အနားယူရမည်ဖြစ်ရာ အဲဗာတန်တိုက်စစ်အားပျော့သွားမည့် အနေအထားရှိသည်။ ဘော်လ်တန်တွင် ဒိုင်အုပ်ဖ်နှင့် အီဗင်ကမ်ပိုတို့ ခြေပေါ်လျှင် အဲဗာတန်တို့ အခက်အခဲတွေ့နိုင်သည်။ ဘော်လ်တန်တို့က အဲဗာတန်ကိုမနှစ်က လေးဂိုးပြတ်အနိုင်ယူထားသော်လည်း ယခုနှစ်မလွယ်ချေ။ သရေပွဲ ဖြစ်သွားနိုင်သည်။

### မန်စီးတီးနှင့်ဖူလ်ဟမ်

မန်စီးတီးကွင်း၌ ဖူလ်ဟမ်တို့ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ မန်စီးတီးသည် အဝေးကွင်း ရလဒ်မကောင်းသော်လည်း အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားတတ်သည်ဖြစ်ရာ ဖူလ်ဟမ်တို့ မလွယ်ချေ။ ဖူလ်ဟမ်တွင် ဂျက်ဆင်၊ နိုက်နှင့်နိုအီမီတို့က အားထားရသည့် ကစားသမား ဖြစ်သော်လည်း မန်စီးတီးတို့ကို အနိုင်ရရန်ထက်သရေပွဲဖြစ်ရန်ပင် ကြိုးစားရမည့် အနေအထားဖြစ်သည်။ ယခုပွဲ၌ မန်စီးတီးတို့ အလေးသာဖွယ်ရှိသည်။

### ပို့စ်မောက်နှင့်ဝက်ဖို့ဒ်

ခြေစွာနေသော ပို့စ်မောက်တို့က ဝက်ဖို့ဒ်ကို နိုင်ပွဲရမည့်ပွဲပင်ဖြစ်သည်။ တန်းတက်ဝက်ဖို့ဒ်သည် ပရီမီယာလိဂ်၌ ခြေစွမ်း တန်းမဝင်သေးသည်ဖြစ်ရာ ပို့စ်မောက်ကို ခြေရည်တူပင် ကစားနိုင်ရန်မလွယ်ချေ။ ပို့စ်မောက်တိုက်စစ်မှူးများဖြစ်သည့် ကနူးနှင့် ဘင်ဂျာနီတို့က ဂိုးသွင်းစွမ်းရည်ကောင်းကြသူများဖြစ်ရာ ဝက်ဖို့ဒ်ကို ဂိုးပြတ်သွင်းအနိုင်ယူမည့်ပွဲပင်ဖြစ်သည်။

### ရက်ဒင်းနှင့်ချာလ်တန်

ရက်ဒင်းတို့ အိမ်ကွင်း၌နိုင်ပွဲရမည့် ပွဲပင် ဖြစ်သည်။ ချာလ်တန်၏ လက်ရှိခြေစွမ်းမှာ အားရဖွယ်မရှိဖြစ်ရာရက်ဒင်းကိုပင် အနိုင်ကစားရန် မလွယ်ချေ။ ရက်ဒင်းတွင် ဒွိုင်လီက ဂိုးသွင်းမှန်သူဖြစ်ရာ အခွင့်အရေးရလျှင် ဂိုးရအောင် သွင်းယူနိုင်သူဖြစ်သည်။ ချာလ်တန် နောက်တန်းမှာ ပရီမီယာလိဂ်၌အညံ့ဆုံးဖြစ်ရာ ရက်ဒင်း တိုက်စစ်မှူးများ အကြိုက်ပင်ဖြစ်သည်။ ရက်ဒင်းတို့ အနိုင်ရမည့်ပွဲပင်ဖြစ်သည်။

### ဘလက်ဘန်းနှင့်စပါး

အိမ်ကွင်းခြေစွမ်းပြပြီး အဝေးကွင်း နိုင်ပွဲမရသေးသော စပါးတို့ ဘလက်ဘန်းကို အဝေးကွင်း၌ အကျပ်အတည်းဖြင့် ကစားရဖွယ်ရှိသည်။ တိုက်စစ်တွင် ဘလက်ဘန်းတို့က အားသာချက်ရှိနေသည်။ ဘလက်ဘန်းတွင် မိုကိုနာ၊ မက်ကာသီနှင့် ပီတာတို့က တစ်ကွင်းလုံး ကစားနိုင်သလို စပါးတွင် ကိန်းကလည်းဂိုးသွင်းအားကောင်းသူဖြစ်သည်။ နှစ်သင်းစလုံး ကစားအားတူသည်ဖြစ်ရာ မနှစ်ကရလဒ်အတိုင်း သရေဖြစ်သွားနိုင်သည်။

### ဝီဂန်နှင့်ဗီလာ

မက်ကူးလော့၊ကာမာရာနှင့် ဂျက်ဆင်တို့ ခြေစွမ်းပြနိုင်လျှင် ဝီဂန်တို့ အိမ်ကွင်းနိုင်ပွဲရမည်ဖြစ်သည်။ သို့သော် ဗီလာ၏ ခြေစွမ်းကလည်း ထက်မြက်သည်ဖြစ်ရာ ဘာရီနှင့် အိန်ဂျယ်တို့၏ သွင်းဂိုးများဖြင့် ဝီဂန်ကို သင်ခန်းစာပေးနိုင်စွမ်းရှိသည်။ မနှစ်က ဝီဂန်တို့က သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ယူထားသည်ဖြစ်ရာ ဗီလာတို့ အကြွေးဆပ်နိုင်ဖွယ်ရှိသည်။ ဗီလာသည် နည်းပြ မာတင်အိုနေးကြောင့် တိုက်စစ်အားကောင်းလာသလို ခံစစ်လည်း လုံခြုံလာသည်ဖြစ်ရာ ရလဒ်ကောင်းများဖြင့် ကြုံတွေ့နေသဖြင့် ယခုပွဲ၌ ဗီလာတို့ အောင်ပွဲခံသွားနိုင်သည်။ ။

**(မြန်မာ့အလင်း)**



ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်။



မန်ယူတိုက်စစ်မှူး စီရိုနယ်ဒို။

---

## ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂၂) ထွက်ပြီ



**ရန်ကုန် နိုဝင်ဘာ ၁၅**

ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလ အခါ သည်ကောင်းကင်၌ တိမ်ပန်းချီ ခြယ်ထားသကဲ့သို့ လှပပြီး ရာသီပန်းများဖြစ်သော ခဝဲပန်း၊ ပြည်ပန်းညို အစရှိသည့် ပန်းများပွင့်လန်းတင့်ဆန်းလျက်ရှိသည်။ သာယာသော ရာသီအလှ တို့နှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာများသာမက ပြည်တွင်းပြည်ပမှ ဖတ်စရာ၊မှတ်စရာ၊ ဗဟုသုတ အဖြာဖြာကို ဖော်ပြပေးသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂၂) ထွက်ရှိလာပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဧရာဝတီမြစ် အနောက်ဘက်ရှိ ဒို့ကျေးရွာများ ဖွံ့ဖြိုးလာပြီ၊ ကြက်သွန်နီစိုက်ပျိုးရေး၊ အစေ့ထုတ်ပြောင်းပန်းတိုင်လှမ်းကိုင်နိုင်ပြီ၊ ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ၊ ကောက်ရိတ်ချိန်၊ နွားကြန်စုံ၊ ဆိတ်စာတွင် ပါဝင်ရမည့် အာဟာရဓာတ်များ၊ ကျွဲ၊ နွားများအတွက် တိုင်းရင်းပရဆေးများ၊ ပန်းတစ်ရာ အသီးတစ်ရာ အမြစ်တစ်ရာဆေးဖြင့် အသက်ရှည် ကျန်းမာရေး၊ နန္ဒင်းပင် အသုံးဝင်ပုံ၊ ဆေးဖက်ဝင်ကြောင်ပန်းရွက်၊ လက်ဆေးပါ၊ အပြုံးတကာတို့တွင်၊ တကယ်လုပ်တော့ အဟုတ်ဖြစ်သည်၊ နေ့စဉ်သုံးကိရိယာတန်ဆာပလာများ၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသမီး စသည့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ သတင်းဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းစသည်ဖြင့် သုတရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှယ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း– ၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ တိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်ညများတွင် သန်လျင်မြို့ဟောင်း အရှေ့ရပ်ကွက် စနေဆွမ်းလောင်း ဓမ္မာရုံ၊ ၂၂၊၂၃ နှင့် ၂၄ ရက်ညများ၌ မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ကြီးရွာ၊ ၂၆၊၂၇ ရက် ညများတွင် ပဲခူးမြို့ ဥဿာမြို့သစ် (၂)ရပ်ကွက် နိဗ္ဗာန သဒ္ဓါသုခဓမ္မာရုံ၊ ၂၉ရက်ည ၈နာရီ နှင့် ၃၀ရက်ည ၉နာရီတို့၌ မြောက်ဥက္ကလာပမြို့နယ် ၄/ တိုးချဲ့ရပ်ကွက် ဓမ္မာဝိသုဒ္ဓိ ဓမ္မာရုံ ၃၀ရက်ည ၇နာရီနှင့် ဒီဇင်ဘာ ၁၊၂ရက်ည ၈နာရီတို့တွင် ဒေါပုံမြို့နယ် ဇေယျာသီရိ(၈)လမ်း၊ ဒီဇင်ဘာ ၃ ရက်ညတွင် တောင်ဒဂုံမြို့နယ် (၆၄)ရပ်ကွက် စက်မှုဇုန်(၂) မြတ်သစ္စာဓမ္မာရုံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

**(က–ပ)**

# ကမ္ဘာတစ်လွှား အားကစား

## လီဗာပူးအသင်းဖလားရရှိရေးမျှော်မှန်းချက် ရစ်ဆီနှင့်ရေနာ သဘောထားကွဲလွဲနေ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ




လီဗာပူးဂိုးသမား ရေနာ(ဝဲ)နှင့်နောက်တန်းလူ ရစ်ဆီတို့အားတွေ့ရစဉ်။

**လန်ဒန် နိုဝင်ဘာ ၁၅**

လီဗာပူးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် စတုတ္ထနေရာသာရနိုင်သည်ဟု ဂျို့စ်ရေနာက ပြောဆိုလိုက်ခြင်းကို ရစ်ဆီက လီဗာပူးအသင်းအနေဖြင့် ယခုနှစ်ရာသီတွင် ဖလားရရှိရေးအတွက် လက်လျှော့ပေးလိမ့်မည်မဟုတ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် အာဆင်နယ်အသင်းကို ပြီးခဲ့သောအပတ်က ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့်နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် နေရာလောက်သာရနိုင်ကြောင်း ဂိုးသမားရေနာက ပြောကြားလိုက်သည်။

သို့သော်လည်း နောက်တန်းကစားသမားရစ်ဆီက လီဗာပူးအသင်းအနေဖြင့် ဖလားရရှိရေးအတွက် လက်လျှော့ပေးလိမ့်မည်မဟုတ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားနံပါတ်(၉)နေရာတွင်ရှိနေပြီး ထိပ်ဆုံးရောက်မန်ယူနောက်မှ (၁၄)မှတ်အကွာဖြင့် လိုက်နေရသည်။ **(အင်တာနက်)**

## ဆွီဒင်ဂိုးသမားဟောင်းဟက်မင်း ချယ်လ်ဆီးခေါ်ယူမည်



ဆွီဒင်ဂိုးသမားဟောင်းဟက်မင်း။

**လန်ဒန် နိုဝင်ဘာ ၁၅**

ချယ်လ်ဆီးကလပ်အနေဖြင့် ဆွီဒင်ဂိုးသမားဟောင်း မက်နပ်စ်ဟက်မင်းအား ယခုနှစ်ဘောလုံးရာသီကုန်အထိ ခေါ်ယူထားရန် စီစဉ်နေကြောင်းသိရသည်။ ဆွီဒင်ဂိုးသမား ဟက်မင်းကလည်း ချယ်လ်ဆီးကို စိတ်ဝင်စားနေသူဖြစ်သည်။

မိမိနှင့်ချယ်လ်ဆီးကလပ်တို့သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း အသက်၃၃နှစ်အရွယ်ရှိ ဟက်မင်းက ဆွီဒင် ရုပ်မြင်သံကြား တီဗွီ–၄ နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟက်မင်းသည် ဆဲလ်တစ်နှင့် ကိုဗင်ထရီစီးတီး ကလပ်တို့တွင် ကစားခဲ့ဖူးသူ တစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ်မှစတင်ကာ ဆွီဒင်ရုပ်သံ တီဗွီ–၄ တွင် အားကစားဆိုင်ရာဝေဖန်သုံးသပ်သူတစ်ဦးအဖြစ်ဆောင်ရွက်နေသူဖြစ်သည်။

ချယ်လ်ဆီးတွင် ဂိုးသမားပီတာချက်ဒဏ်ရာရရှိထားသဖြင့် အစားထိုးကစားရန် ဟက်မင်းကိုခေါ်ယူခြင်းဖြစ်ပြီး ချယ်လ်ဆီးတွင် လက်ရှိ ကာလိုကူဒီစီနီနှင့် ဟန်ရီဂွိဟွီလာရီရိုတို့လည်းရှိနေသည်။ လာမည့်အပြောင်းအရွှေ့ ဈေးကွက်အဖွင့်တွင် ဟက်မင်းသည် ချယ်လ်ဆီးကလပ်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ **(အင်တာနက်)**

## အဲဗာတန်ကွင်းလယ်ကစားသမားတင်ကာဟေး ဒူးဒဏ်ရာကြောင့် အတန်ကြာနားရမည်

**လန်ဒန် နိုဝင်ဘာ ၁၅**

အဲဗာတန်အသင်း၏အားထားရသော ကွင်းလယ် ကစားသမား တင်ကာဟေးသည် ဒူးဒဏ်ရာရရှိမှုကြောင့် အနည်းဆုံးသီတင်းခြောက်ပတ်ကြာ အနားယူရဖွယ်ရှိကြောင်း အဲဗာတန်ကလပ်က သတင်းထုတ်ပြန်သည်။

**ဒူးဒဏ်ရာ**

အဲဗာတန်နှင့် သြစတြေးလျ ကွင်းလယ် ကစားသမား တင်ကာဟေးသည် ပြီးခဲ့သည့်နိုဝင်ဘာ ၁၁ရက်က အက်စတွန်ဗီလာအသင်းနှင့်ကစားသည့်ပွဲ၌ ဒူးခေါင်းဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။

**ဂိုးသွင်းစွမ်းရည်**

အသက် ၂၆နှစ်အရွယ်ရှိ တင်ကာဟေးသည် အဲဗာတန်အသင်းကွင်းလယ်တွင် အမာခံဘောလုံးသမားတစ်ဦးဖြစ်သလို ဂိုးသွင်းစွမ်းရည်လည်းထက်မြက်သူတစ်ဦးဖြစ်သည်။



အဲဗာတန်ကွင်းလယ်ကစားသမား တင်ကာဟေး။

ယခုကဲ့သို့ ဒူးခေါင်းဒဏ်ရာရရှိခဲ့မှုကြောင့် သြစတြေးလျနှင့် ဂါနာအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပွဲစဉ်၌လည်း ပါဝင်ကစားနိုင်ခြင်းမရှိဘဲ လွဲချော်ခဲ့ရသည်။ တင်ကာဟေးသည် ယခင်ကလည်း ခြေထောက်ဒဏ်ရာ ရရှိခဲ့မှုကြောင့် ကာလအတန်ကြာအနားယူခဲ့ရသည်။ **(အင်တာနက်)**

## ချာလ်တန်အသင်း၏နိမ့်ကျနေမှုကိုမြှင့်တင်ရန် နည်းပြသစ် လက်ရိဒ်အားခန့်အပ်လိုက်ပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၁၅

**ချာလ်တန်အသင်းနည်းပြသစ်အဖြစ် လက်ရိဒ်အား ၎င်း၏လက်ထောက် မတ်ရော့ဆင်နှင့်အတူ ခန့်အပ်လိုက်ကြောင်း ချာလ်တန် ကလပ်က အတည်ပြုပြောကြားသည်။**

ရိဒ်သည် ယခင်နည်းပြ ဒိုဝီလက်ထက်တွင် နံပါတ်(၂)နေရာတွင် ရှိနေခဲ့သည်။ ထိုစဉ်အတွင်း ၎င်း၏ လက်ထောက် ရော့ဆင်က နည်းပြ နေရာအတွက် ရရှိရန် ကြိုးစားနေခဲ့သည်။

မန်နေဂျာ ဒိုဝီသည် အသင်း၏ အောင်မြင်ရေးအတွက်ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။

ဒိုဝီသည် စနေနေ့က ဝီဂန်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချာလ်တန်အသင်းမှ နုတ်ထွက်ခဲ့သည်။ ချာလ်တန်အသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ ၁၂ပွဲ ကစားပြီးချိန်တွင် အမှတ်ပေးဇယား အောက်ဆုံး၌ ရှစ်မှတ်သာ ရရှိသေးသည်။



ချာလ်တန်အသင်းနည်းပြသစ် လက်ရိဒ်။ (ဓာတ်ပုံ–အင်တာနက်)

အသက် ၄၁နှစ်ရှိ ဒိုဝီသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ပထမဆုံး နည်းပြရာထူးမှ နုတ်ထွက်သွားသူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ချာလ်တန်အသင်းအတွက် ကစားသမားအသစ်များဝယ်ယူခဲ့ရာ ဟက်ဆယ်ဘိန့် အပါအဝင် ပေါင် ၁၀သန်းဖိုးရှိသည်။ လက်ရှိ ချာလ်တန်အသင်း၏နိမ့်ကျနေမှုများကို လာမည့်ပွဲစဉ်များတွင် နည်းပြသစ် လက်ရိဒ်က မည်သို့မြှင့်တင်ပေးသွားမည်ကို ဘောလုံးပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုရဦးမည်ဖြစ်သည်။ **(အင်တာနက်)**

## ယူရို ၂၀၀၈ ခြေစစ်ပွဲအကြိုချစ်ကြည်ရေးပွဲ ဝေလက လက်ချင်စတိန်ကို ဂိုးသွင်းခြေစွမ်းပြကစား

လက်ချင်စတိန့်အသင်းဘက်သို့ ဘယ်လာမီက ဤသို့ အနီးကပ်ဂိုးသွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)



လန်ဒန် နိုဝင်ဘာ ၁၅

**ဝေလ လက်ရွေးစင်ဘောလုံးအသင်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအကြိုအဖြစ် လက်ချင်စတိန့်အသင်းနှင့် ချစ်ကြည်ရေးကစားရာတွင် လေးဂိုး–ဂိုးမရှိ သွင်းယူပြီး အကောင်းဆုံး ပြင်ဆင်ထားမှုကို ပြသနိုင်ခဲ့သည်။**

ဝေလ လူငယ်ကွင်းလယ်ကစားသမား ကူးမတ်ခ်က ၁၄မိနစ်အတွင်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ဝက်စ်ဘရွန်း ကွင်းလယ်ကစားသမားလည်းဖြစ်သည်။

ဝေလအသင်းအတွက် တတိယအနိုင်ဂိုးကို ဘယ်လာမီက အနီးကပ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ စတုတ္ထမြောက်ဂိုးကို ပွဲသိမ်းရန် မိနစ် ၉၀တွင် လီဝယ်လင်းက သွင်းယူနိုင်ခဲ့သည်။

ဝေလအသင်းသည် နည်းပြတိုရှက်ခ် လက်ထက်တွင် ပထမဆုံး အကြိမ်လေးဂိုးသွင်းပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ယင်းအောင်မြင်မှုမှာသည် အသင်းခေါင်းဆောင် ရိုင်ယန်ဂစ် အဝေးကွင်း၌ သူ၏ပွဲပေါင်း၆၀ပြည့် ပါဝင်ကစားရာတွင် အောင်ပွဲခံရန် ခြေစွမ်းပြလိုက်ခြင်းလည်းဖြစ်သည်။ လက်ချင်စတိန့် အသင်းကို မန်နေဂျာသစ် မီယာက ပထမဆုံးအကြိမ် ကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

## တော့တင်ဟမ်ကွင်းလယ်ကစားသမားဂျီးနက်စ် ခြေသလုံးကြွက်သားနာ၍ နှစ်ပတ်နားရမည်

**လန်ဒန် နိုဝင်ဘာ ၁၅**

တော့တင်ဟမ် ကွင်းလယ်ကစားသမား ဂျာမိန်း ဂျီးနက်စ်သည် ခြေသလုံးကြွက်သားဒဏ်ရာရထားမှုကြောင့် နှစ်ပတ်ကြာကွင်းဘေးတွင် ထွက်ထိုင်ရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

**မပါဝင်**

ယင်းဒဏ်ရာရထားမှုကြောင့် ဂျီးနက်စ်သည် အင်္ဂလန်အသင်းတွင် နယ်သာလန်အသင်းနှင့် ယူရိုခြေစစ်ပွဲ ကစားရာတွင် ပါဝင်နိုင်လိမ့်မည် မဟုတ်ဟုဆိုသည်။

ဂျီးနက်စ်သည် ယင်းဒဏ်ရာကြောင့် မျက်ရည်အနည်းငယ်ကျခဲ့ရာ နှစ်ပတ်ခန့်အနားယူရလိမ့်မည်ဖြစ်ကြောင်း တော့တင်ဟမ်နည်းပြမာတင်ဂျိုးက ပြောကြားသည်။

**ကစားဖွယ်**

၎င်းဒဏ်ရာရထားမှုကြောင့် အသက်(၃၃)နှစ်ရှိ အက်ဂါဒေးဗစ်သည် ဂျီးနက်စ်နေရာတွင် လာမည့်ဘလက်ဘန်းနှင့် ကစားမည့်ပွဲ၌ ပါဝင်ကစားဖွယ်ရှိသည်။ **(အင်တာနက်)**



တော့တင်ဟမ်
ကွင်းလယ်ကစားသမား ဂျီးနက်စ်။
(ဓာတ်ပုံ–အင်တာနက်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုအထိမ်းအမှတ်အဖြစ်လှူဒါန်းသော အလှူရှင်များ အမည်စာရင်း

(၁၂-၁၁-၂၀၀၆ ရက်မှ အဆက်)

| စဉ် | အလှူရှင်အမည် | ကုမ္ပဏီအမည် | လှူဒါန်းငွေ |
|---|---|---|---|
| ၁၄၁။ | | စိန်အင်တာပရိုက် | နှစ်သိန်း |
| ၁၄၂။ | | Myanmar Arista Life Science | တစ်သောင်း |
| ၁၄၃။ | | Agro Bio | သုံးသောင်း |
| ၁၄၄။ | | ဒိုင်းမွန်းစတား | ငါးသောင်း |
| ၁၄၅။ | | ဂိုးလ်ဒင်းလိုင်းယွန်း | ၁၀သိန်း |
| ၁၄၆။ | | ဖော်မြူလာဝမ်း | ငါးသောင်း |
| ၁၄၇။ | | Wah Wah Agricultural Chemical | တစ်သောင်း |
| ၁၄၈။ | | ရွှေထယ် | နှစ်သောင်း |
| ၁၄၉။ | | (၀၀၇)လယ်ယာသုံးစက်ပစ္စည်းရောင်းဝယ်ရေး | တစ်သောင်း |
| ၁၅၀။ | | ကျော်မင်းဦးစိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေး | ငါးသောင်း |
| ၁၅၁။ | | Steel Stone | နှစ်သောင်း |
| ၁၅၂။ | | PGI | တစ်သိန်း |
| ၁၅၃။ | | အနော်ရထာတာယာဆိုင်၊ ရန်ကုန် | တစ်သိန်း |
| ၁၅၄။ | | မင်္ဂလာသန်းမြင့်စက်ပစ္စည်းရောင်းဝယ်ရေး | သုံးသိန်း |
| ၁၅၅။ | | ဦးတင်မောင်ထွေး(သချ်ာကျူရှင်) | ငါးသောင်း |
| ၁၅၆။ | ဦးလီဆီရွှေ | TILE | နှစ်သောင်းငါးထောင် |
| ၁၅၇။ | ဦးအောင်မြင့်စိုး | MMG | နှစ်သောင်းငါးထောင် |
| ၁၅၈။ | ဒေါ်အေးသိန်း | တော်ဝင်ထိပ် | တစ်သိန်း |
| ၁၅၉။ | ဦးအောင်သန်း | ပွင့်ဦးပွဲရုံ | တစ်သိန်း |
| ၁၆၀။ | ဒေါ်ဝင်းမင်းသွယ် | | တစ်သိန်း |
| ၁၆၁။ | ဦးသက်ထွန်း | | တစ်သိန်း |
| ၁၆၂။ | ဦးသီဟအောင် | TAS | တစ်သိန်း |
| ၁၆၃။ | | ဂျီအက်(စ်)ဂျေဒီစီ | ငါးသောင်း |
| ၁၆၄။ | | ဂရင်းပါဝါ | ငါးသောင်း |
| ၁၆၅။ | | ရတနာသိဒ္ဓိ | ငါးသောင်း |
| ၁၆၆။ | | မြတ်မွန်ရတနာ | ငါးသောင်း |
| ၁၆၇။ | | တာမိုးညဲချမ်းသာ | ငါးသောင်း |
| ၁၆၈။ | | စွယ်တော်ဦး | ငါးသောင်း |
| ၁၆၉။ | | အင်ကြင်း | ငါးသောင်း |
| ၁၇၀။ | | အေဘီအီး | ငါးသောင်း |
| ၁၇၁။ | | အေအမ်ပီ | ငါးသောင်း |
| ၁၇၂။ | | ဖော်ကျွန်းအင်တာနေရှင်နယ် | ငါးသောင်း |
| ၁၇၃။ | ဦးနေမျိုးဦး | စိမ်းမြနှင့်သားများဆောက်လုပ်ရေး | တစ်သိန်း |
| ၁၇၄။ | ဦးချစ်ခိုင် | Good Morning Enterprise | တစ်သိန်း |
| ၁၇၅။ | ဦးအိုက်ထွန်း | Fuxing Brother | နှစ်သိန်း |
| ၁၇၆။ | ဦးဌေးမြင့် | ယုဇန | တစ်သိန်း |
| ၁၇၇။ | ဒေါ်သန်းသန်းအေး | တက်နေ | နှစ်သိန်း |
| ၁၇၈။ | ဦးအောင်လွင် | G.M.H | တစ်သိန်း |
| ၁၇၉။ | ဦးမိုးကိုဇော် | ဝါလုပ်ငန်းရှင် | သုံးသိန်း |
| ၁၈၀။ | | CB သမဝါယမဘဏ် | ငါးသိန်း |
| ၁၈၁။ | | ရန်ကုန်တိုင်းအထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၈၂။ | | ဧရာဝတီတိုင်းစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၈၃။ | | မန္တလေးတိုင်း အထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၈၄။ | | မင်္ဂလာမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်း | တစ်သိန်း |
| ၁၈၅။ | | ဆပ်ကပ်ဝေဖာသမဝါယမအသင်း | ငါးသောင်း |
| ၁၈၆။ | | ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား)များ ဦးစီးသော မြန်မာ့မျက်မှန်အရောင်းဆိုင် | တစ်သိန်း |
| ၁၈၇။ | | ရှမ်းပြည်နယ်(မြောက်ပိုင်း)အထွေထွေ စီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၈၈။ | | ရှမ်းပြည်နယ်(တောင်ပိုင်း)အထွေထွေ စီးပွားရေးသမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၈၉။ | | စစ်ကိုင်းတိုင်းအထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၉၀။ | | ပဲခူးတိုင်းအထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၉၁။ | | မကွေးတိုင်းအထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ် | တစ်သိန်း |
| ၁၉၂။ | ဦးမင်းလတ် | Asia Green | လေးသိန်း |
| ၁၉၃။ | ဦးကြည်ဆွေ | Momentun Co. | လေးသိန်း |
| ၁၉၄။ | ဦးစိုင်းမြင့်သိန်း | Lucre Wood | လေးသိန်း |
| ၁၉၅။ | ဦးစိုင်းနောင်ခမ်း | Century Dragon | လေးသိန်း |
| ၁၉၆။ | ဦးထွန်းထွန်းစိန် | T.K.W | လေးသိန်း |
| ၁၉၇။ | ဦးစိန်သန်းဦး | စိန်သန်းဦး | လေးသိန်း |
| ၁၉၈။ | ဦးရန်မျိုးနိုင် | ပန်းသီ | နှစ်သိန်း |
| ၁၉၉။ | ဦးတင်မောင်အေး | ရွှေမိုးသာ | နှစ်သိန်း |
| ၂၀၀။ | ဦးရဲမြင့်ဦး | G.O.S | နှစ်သိန်း |
| ၂၀၁။ | | Facilities and Utilizes Engineering Ltd. | ငါးသိန်း |
| ၂၀၂။ | | Fortune International Ltd. | သုံးသိန်း |
| ၂၀၃။ | | မြန်မာ့အလှ | နှစ်သိန်း |
| ၂၀၄။ | ဦးသက်မျိုးအောင် | ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့် အခြားအသင်းများ | ၅၅သိန်း |
| ၂၀၅။ | | ကုမုဒြာဟိုတယ် | နှစ်သိန်း |
| ၂၀၆။ | | သင်္ဂဟဟိုတယ် | နှစ်သိန်း |
| ၂၀၇။ | | Asia World Hotel | နှစ်သိန်း |
| ၂၀၈။ | | မြတ်တော်ဝင်ဟိုတယ် | နှစ်သိန်း |
| ၂၀၉။ | | ရွှေနန်းတော်ဟိုတယ် | နှစ်သိန်း |
| ၂၁၀။ | | ငွေဆင်ကုမ္ပဏီလီမိတက် | နှစ်သိန်း |
| ၂၁၁။ | | ရွှေသံလွင်ဟိုတယ် | နှစ်သိန်း |
| ၂၁၂။ | | A1 Co. | နှစ်သိန်း |
| ၂၁၃။ | | မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း | ငါးသိန်း |






## အမည်ပြောင်း

ဦးကြည်ဝင်း ၁၂/ဥကတ(နိုင်) ၀၂၉၉၂၀-ဒေါ်ရင်ရင်အေး၁၂/ ဥကတ (နိုင်)၀၂၃၂၉၉တို့၏သား မောင်ရဲဝင်းအား ယနေ့မှစ၍ မောင်ကျော်စွာလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်စွာလင်း။**



**ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်၏ (၈၆)နှစ်မြောက် အမျိုးသား နေ့အခမ်းအနားနှင့် ဆုပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က အထက(၁)ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလီက အမျိုးသားနေ့အထိမ်းအမှတ်ပြိုင်ပွဲဆုရရှိသူ ကျောင်းသူတစ်ဦးအား ထူးချွန်ဆုချီးမြှင့်စဉ်။** (၀၅၂)







## အမည်ပြောင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အလက(၂)၊ ဆဋ္ဌမတန်း(A)မှ ဦးဇော်ဇော်ဘို၏သား မောင်မဟာကျော်အား မောင်ထူးမြတ်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထူးမြတ်ကိုကို။**


## မေတ္တာဦးသို့

(၁၁)နှစ်မြောက် ပြည်လမ်းမေတ္တာဦးနှင့် (၇)နှစ်မြောက် မင်္ဂလာဈေး **မေတ္တာဦးမျက်စိအထူးကုဆေးခန်း** ၏နှစ်ပတ်လည်နေ့အတွက် ဂုဏ်ယူစွာဖြင့် ဆတက်ထမ်းပိုး ပိုမိုအောင်မြင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Concordia International**

**Concordia Int'l Co.,Ltd. မိသားစု**
**ရန်ကုန်-မန္တလေး-နေပြည်တော်။**


## ကန့်ကွက်ရန်ကြော်ငြာ

အခန်းအမှတ် ၃၀၃၊ တိုက်(B)၊ Delta Plaza ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းအား ဦးမိုးလွင်က ဝယ်ယူရန် စရန်ငွေကို ၁၃-၁၀-၂၀၀၆ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ ၂၃-၁၁-၂၀၀၆ရက်တွင် အပြီးသတ်ပေးချေ ဝယ်ယူရန်ရှိပါသဖြင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထားစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၂၃-၁၁-၂၀၀၆ရက်ကျော်လွန်ပါက အပြီးသတ် ဝယ်ယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ကန့်ကွက်လိုပါက ဖုန်း-၀၁-၆၉၉၁၇၆ ဦးမိုးလွင်သို့ ကန့်ကွက်နိုင်ပါသည်။

**ဦးမိုးလွင်(MLA-၀၀၀၂၄၄)။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
# မန္တလေးအဝေးသင်တက္ကသိုလ်
# သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ရွှေဘို၊ ကျိုင်းတုံ၊ ရေနံချောင်းဌာနခွဲများမှ ၂၀၀၄ခု ဧပြီ/မေလများတွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့စာမေးပွဲများကိုအောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။

၃။ **သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်**

**(၅–၁၂–၂၀၀၆)ရက်၊ (ပထမနေ့) နံနက် ၉:၀၀နာရီ** **အစမ်းလေ့ကျင့်ရက်**
၁။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၂မှ၂၈၁) ရတနာပုံ (၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၁မှ၁၉၇) ရတနာပုံ နံနက် (၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြု (၁မှ၂၄၅) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး မြစ်ကြီးနား

**(၅–၁၂–၂၀၀၆)ရက်၊ (ပထမနေ့) မွန်းလွဲ ၂:၀၀နာရီ** **အစမ်းလေ့ကျင့်ရက်**
၂။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၂၈၆မှ၅၀၃) ရတနာပုံ (၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၁၉၉မှ၄၅၇) ရတနာပုံ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြု (၂၄၈မှ၅၈၀) ရတနာပုံ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၂မှ ၁၂၁) ရတနာပုံ

**(၆–၁၂–၂၀၀၆)ရက်၊ (ဒုတိယနေ့) နံနက် ၉:၀၀နာရီ** **အစမ်းလေ့ကျင့်ရက်**
၃။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၅၀၄မှ၆၄၃) ရတနာပုံ (၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ မြန်မာမှု၊ ရသစာပေအားလုံး ရတနာပုံ၊မုံရွာ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအားလုံး မြစ်ကြီးနား
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၄၅၈မှ၇၆၄) ရတနာပုံ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၃ မှ ၃၃၁) ရတနာပုံ

**(၆–၁၂–၂၀၀၆)နေ့၊(ဒုတိယနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၄။ ဝိဇ္ဇာဘွဲ့၊ပထဝီဝင်အထူးပြု(၃၃၂မှ၇၁၅) ရတနာပုံ (၄–၁၂–၂၀၀၆)
ဥပဒေဘွဲ့၊ဥပဒေပညာအထူးပြု(၁၂၂မှ၂၃၄)ရတနာပုံ မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြုအားလုံး ရွှေဘို
သိပ္ပံဘွဲ့၊ဓာတုဗေဒအထူးပြု(၇၆၅မှ၈၇၀) ရတနာပုံ
သိပ္ပံဘွဲ့၊ဓာတုဗေဒအထူးပြုအားလုံး မကွေး

**(၇–၁၂–၂၀၀၆)နေ့၊ (တတိယနေ့) နံနက် (၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၅။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၁မှ၃၄၉) ရတနာပုံ (၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြုအားလုံး လားရှိုး မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြု(၂မှ၉၈) မုံရွာ
သိပ္ပံဘွဲ့၊ဓာတုဗေဒအထူးပြုအားလုံး မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ပထဝီဝင်အထူးပြုအားလုံး မြစ်ကြီးနား၊မကွေး
ဝိဇ္ဇာဘွဲ့၊ပထဝီဝင်အထူးပြု(၁မှ၅၅) မုံရွာ

**(၇–၁၂–၂၀၀၆)နေ့၊ (တတိယနေ့) မွန်းလွဲ (၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၆။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၃၅၁မှ၇၅၀) ရတနာပုံ (၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ရူပဗေဒအထူးပြု(၁မှ၄၁၇) ရတနာပုံ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ရူပဗေဒအထူးပြုအားလုံး မကွေး
ဥပဒေဘွဲ့၊ဥပဒေအထူးပြု(၁မှ၇၀) မုံရွာ

**(၁၀–၁၂–၂၀၀၆)နေ့၊ (ပထမနေ့) နံနက် (၉:၀၀)နာရ** **အစမ်းလေ့ကျင့်ရက်**
၇။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၇၅၁မှ၈၅၇) ရတနာပုံ (၉–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၅မှ၈၅၈) မကွေး နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၂မှ၈၅) မုံရွာ
သိပ္ပံဘွဲ့၊ရူပဗေဒအထူးပြုအားလုံး မြစ်ကြီးနား
သိပ္ပံဘွဲ့၊ရူပဗေဒအထူးပြုအားလုံး ကလေး
ဝိဇ္ဇာဘွဲ့၊အင်္ဂလိပ်စာအထူးပြုအားလုံး တောင်ကြီး၊မကွေး၊ မိတ္ထီလာ၊ပခုက္ကူ

**(၁၀–၁၂–၂၀၀၆)နေ့၊ (ပထမနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၈။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၈၅၈မှ၁၀၂၄) ရတနာပုံ (၉–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ရူပဗေဒအထူးပြုအားလုံး ပခုက္ကူ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊အင်္ဂလိပ်စာအထူးပြု(၃မှ၁၁၆) မုံရွာ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြု(၄မှ၃၆၀) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြု(၁၀၁မှ၂၀၅) မုံရွာ

**(၁၁–၁၂–၂၀၀၆)နေ့၊ (ဒုတိယနေ့) နံနက် (၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၉။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု(၁၀၂၇မှ၁၂၅၂) ရတနာပုံ (၉–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ဓာတုဗေဒအထူးပြုအားလုံး ပခုက္ကူ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊အရှေ့တိုင်းအထူးပြုအားလုံး မကွေး၊မုံရွာ၊မြစ်ကြီးနား၊ရတနာပုံ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြု(၃၆၁မှ၅၄၈) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြုအားလုံး လွိုင်ကော်၊ကျိုင်းတုံ
ဝိဇ္ဇာဘွဲ့၊မြန်မာစာအထူးပြု(၂၀၇မှ၃၁၈) မုံရွာ
ဥပဒေဘွဲ့၊ဥပဒေအထူးပြုအားလုံး တောင်ကြီး၊မြစ်ကြီးနား
ဥပဒေဘွဲ့၊ဥပဒေအထူးပြု(၇၁မှ၁၁၉) မုံရွာ

**(၁၁–၁၂–၂၀၀၆)နေ့ (ဒုတိယနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၀။ ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု (၁၂၅၃မှ၁၄၁၇) ရတနာပုံ (၉–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု (၂ မှ ၁၃၉) မြစ်ကြီးနား မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု (၃ မှ ၆၈) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊သမိုင်းအထူးပြု (၈၇ မှ ၁၈၃) မုံရွာ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၁ မှ ၁၁၉) မုံရွာ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး ကလေး၊လွိုင်ကော်
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၅၆ မှ ၁၃၃) မုံရွာ

**(၁၂–၁၂–၂၀၀၆)နေ့ (တတိယနေ့) နံနက် (၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၁။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၄၁၈ မှ ၆၄၅) ရတနာပုံ (၉–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု (၁ မှ ၁၅၅) မိတ္ထီလာ မွန်းလွဲ(၂)နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၂၃၅ မှ ၄၇၉) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၁၈ မှ ၁၅၃၉) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၈၄ မှ ၂၇၇) မုံရွာ

**(၁၂–၁၂–၂၀၀၆)နေ့ (တတိယနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၂။ ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၅၄၁ မှ ၁၆၇၉) ရတနာပုံ (၉–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၀ မှ ၂၅၇) မြစ်ကြီးနား မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၇၉ မှ ၃၄၆) မုံရွာ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၆၄၆ မှ ၈၆၁) ရတနာပုံ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၁၂၀ မှ ၂၃၄) မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြုအားလုံး ပခုက္ကူ

**(၁၅–၁၂–၂၀၀၆)နေ့ (ပထမနေ့) နံနက်(၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၃။ ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၆၈၀ မှ ၁၈၃၇) ရတနာပုံ (၁၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၄၈ မှ ၄၅၄) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၈၆၂ မှ ၉၂၁) ရတနာပုံ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၂၃၅ မှ ၂၉၉) မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂ မှ ၁၉၃) မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂ မှ ၁၂၇) မကွေး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၁၄၆) မုံရွာ

**(၁၅–၁၂–၂၀၀၆)နေ့ (ပထမနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂ မှ ၁၈၉) ရတနာပုံ (၁၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၉၇ မှ ၃၉၃) မြစ်ကြီးနား နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၄၇ မှ ၂၄၆) မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု(၁၈၃၈ မှ ၂၀၁၁) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၅၅ မှ ၅၅၀) မုံရွာ

**(၁၆–၁၂–၂၀၀၆)နေ့ (ဒုတိယနေ့) နံနက် (၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၅။ သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု(၁ မှ ၂၅၂) ရတနာပုံ (၁၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး ရွှေဘို နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၀၁၂ မှ ၂၁၉၂) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၅၅၁ မှ ၆၇၉) မုံရွာ

**(၁၆–၁၂–၂၀၀၆)နေ့၊ (ဒုတိယနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၆။ ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၁၉၃ မှ ၂၃၇၈) ရတနာပုံ (၁၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၈၀ မှ ၈၀၉) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၂ မှ ၃၀၁) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၂၉ မှ ၂၁၉) မကွေး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၄၇ မှ ၃၄၉) မုံရွာ

**(၁၇–၁၂–၂၀၀၆) နေ့၊ (တတိယနေ့) နံနက် (၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၇။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၁ မှ ၁၅၈) ရတနာပုံ (၁၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၃၇၉ မှ ၂၅၆၈) ရတနာပုံ မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၈၁၃ မှ ၉၃၇) မုံရွာ
ဝိဇ္ဇာဘွဲ့၊စီးပွားရေးအထူးပြု (၁၉၁ မှ ၂၆၅) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊စီးပွားရေးအထူးပြု (၂၂၂ မှ ၄၃၀) မကွေး
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး မကွေး
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၁၁၅ မှ ၁၈၀) မုံရွာ

**(၁၇–၁၂–၂၀၀၆) နေ့၊ (တတိယနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၈။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၁၅၉ မှ ၅၄၀) ရတနာပုံ (၁၄–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊စီးပွားရေးအထူးပြု (၃၅၀ မှ ၅၀၂) မုံရွာ မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ပထဝီဝင်အထူးပြုအားလုံး လားရှိုး၊မိတ္ထီလာ၊ရေနံချောင်း
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁၃၄ မှ ၂၂၄) မုံရွာ

**(၁၈–၁၂–၂၀၀၆) နေ့၊ (စတုတ္ထနေ့) နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၁၉။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၅၄၁ မှ ၉၃၆) ရတနာပုံ (၁၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၃၀၄ မှ ၃၃၁) မိတ္ထီလာ မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၉ မှ ၄၁၈) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး ကျိုင်းတုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၉၃၉ မှ ၁၀၇၄) မုံရွာ

**(၁၈–၁၂–၂၀၀၆) နေ့၊ (စတုတ္ထနေ့) မွန်းလွဲ (၂:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၀။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၆၇ မှ ၆၈၂) ရတနာပုံ (၁၄–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး ရွှေဘို မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြုအားလုံး တောင်ကြီး

**(၂၁–၁၂–၂၀၀၆) နေ့၊(ပထမနေ့) နံနက်(၉:၀၀) နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၁။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၈၃ မှ ၉၀၄) ရတနာပုံ (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၀၃ မှ ၆၃၃) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး ကလေး
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၂ မှ ၅၃) မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၂၅၀) ကလေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး ပခုက္ကူ

**(၂၁–၁၂–၂၀၀၆)နေ့၊(ပထမနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၉၀၅ မှ ၁၁၄၅) ရတနာပုံ (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၃၄ မှ ၇၇၁) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၅၄ မှ ၂၂၈) မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၅၁ မှ ၆၀၇) ကလေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၀၇၅ မှ ၁၁၇၂) မုံရွာ

**(၂၂–၁၂–၂၀၀၆)နေ့၊(ဒုတိယနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၃။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၁၄၆ မှ ၁၄၂၄) ရတနာပုံ (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၇၂ မှ ၈၄၈) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး လားရှိုး
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၂၃၀ မှ ၂၈၅) မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂ မှ ၁၂၆) ရွှေဘို
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး လားရှိုး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၈၆၃ မှ ၈၈၉) မကွေး

**(၂၂–၁၂–၂၀၀၆)နေ့၊(ဒုတိယနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၄၂၈ မှ ၁၆၉၄) ရတနာပုံ (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၈၄၉ မှ ၉၇၃) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး ကလေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၂၇ မှ ၃၉၀) ရွှေဘို

**(၂၃–၁၂–၂၀၀၆)နေ့၊(တတိယနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၅။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၆၉၅ မှ ၁၉၄၆) ရတနာပုံ (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၉၇၆ မှ ၁၀၇၀) မုံရွာ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး တောင်ကြီး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၉၁ မှ ၆၅၉) ရွှေဘို

**(၂၃–၁၂–၂၀၀၆)နေ့၊(တတိယနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၆။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၉၄၇ မှ ၂၂၀၁) ရတနာပုံ (၂၀–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၃ မှ ၁၃၅) ရတနာပုံ မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၆၀ မှ ၁၀၃၃) ရွှေဘို

**(၂၄–၁၂–၂၀၀၆)နေ့၊(စတုတ္ထနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၇။ သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု (၂၅၅ မှ ၄၂၁) ရတနာပုံ (၂၀–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြုအားလုံး လားရှိုး မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၂၂ မှ ၁၀၅၃) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၁၅၇) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၃၆ မှ ၅၈၄) မကွေး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၀၇၁ မှ ၁၁၅၂) မုံရွာ

**(၂၄–၁၂–၂၀၀၆)နေ့၊(စတုတ္ထနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၈။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး တောင်ကြီး (၂၀–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၂၅၂) တောင်ကြီး မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၁၅၃ မှ ၁၃၇၄) မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၇ မှ ၃၃၇) ရေနံချောင်း

**(၂၇–၁၂–၂၀၀၆)နေ့၊(ပထမနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၂၉။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၅၃ မှ ၅၃၂) တောင်ကြီး (၂၆–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၂၈၃ မှ ၁၃၇၄) မုံရွာ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး တောင်ကြီး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၃၈ မှ ၆၇၉) ရေနံချောင်း

**(၂၇–၁၂–၂၀၀၆)နေ့၊(ပထမနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၀။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁ မှ ၂၁၂) ရတနာပုံ (၂၆–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး မကွေး နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ ပြည်သူ့ရေးရာအထူးပြုအားလုံး မကွေး၊မုံရွာ၊မြစ်ကြီးနား၊ရတနာပုံ၊ မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ ဒဿနိကဗေဒအထူးပြုအားလုံး တောင်ကြီး၊မကွေး၊မုံရွာ၊မြစ်ကြီးနား၊ ရတနာပုံ၊မိတ္ထီလာ၊ပခုက္ကူ၊
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁ မှ ၁၂၁) မုံရွာ

**(၂၈–၁၂–၂၀၀၆)နေ့၊(ဒုတိယနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၁။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး တောင်ကြီး (၂၆–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၃၆ မှ ၁၈၄) ရတနာပုံ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁ မှ ၂၈) မိတ္ထီလာ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး လားရှိုး
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၂၂ မှ ၂၆၄) မုံရွာ
ဝိဇ္ဇာဘွဲ့၊ အိမ်တွင်းစီးပွားအထူးပြုအားလုံး တောင်ကြီး၊မကွေး၊မုံရွာ၊မြစ်ကြီးနား၊ ရတနာပုံ၊မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ စိတ်ပညာအထူးပြုအားလုံး တောင်ကြီး၊မကွေး၊မုံရွာ၊မြစ်ကြီးနား၊ ရတနာပုံ၊မိတ္ထီလာ

**(၂၈–၁၂–၂၀၀၆)နေ့၊(ဒုတိယနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂၁၃ မှ ၄၄၆) ရတနာပုံ (၂၆–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး မြစ်ကြီးနား၊ပခုက္ကူ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၂၉ မှ ၁၁၃) မိတ္ထီလာ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး မြစ်ကြီးနား၊မကွေး၊ပခုက္ကူ

**(၂၉–၁၂–၂၀၀၆)နေ့၊(တတိယနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၃။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၄၄၇ မှ ၆၈၆) ရတနာပုံ (၂၆–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၁၄ မှ ၂၇၈) မိတ္ထီလာ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁ မှ ၁၆၃) ရွှေဘို
သိပ္ပံဘွဲ့၊သတ္တဗေဒအထူးပြုအားလုံး တောင်ကြီး

**(၂၉–၁၂–၂၀၀၆)နေ့၊(တတိယနေ့)မွန်းလွဲ(၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၄။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၈၆ မှ ၅၄၁) ရတနာပုံ (၂၆–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၆၅ မှ ၂၂၇) ရွှေဘို မွန်းလွဲ(၂)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၆၈၇ မှ ၉၂၁) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး မိတ္ထီလာ

**(၁–၁–၂၀၀၇)နေ့၊(ပထမနေ့)နံနက်(၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၅။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၂၀၂ မှ ၂၃၄၀) ရတနာပုံ (၃၁–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၉၂၂ မှ ၁၁၅၆) ရတနာပုံ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၁၄၃) မုံရွာ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး တောင်ကြီး

**(၁–၁–၂၀၀၇)နေ့ (ပထမနေ့) မွန်းလွဲ (၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၆။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု(၁၁၅၇ မှ ၁၄၀၉) ရတနာပုံ (၃၁–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု(၁၄၄ မှ ၃၂၃) မုံရွာ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၅၄၄ မှ ၈၃၃) ရတနာပုံ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး တောင်ကြီး

**(၂–၁–၂၀၀၇)နေ့ (ဒုတိယနေ့) နံနက် (၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၇။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု(၈၄၅ မှ ၁၀၂၀) ရတနာပုံ (၃၁–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး မိတ္ထီလာ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၄၁၀ မှ ၁၆၂၆) ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၃၂၇ မှ ၄၂၁) မုံရွာ

**(၂–၁–၂၀၀၇)နေ့ (ဒုတိယနေ့) မွန်းလွဲ (၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၈။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၅၈ မှ ၅၉၆) မိတ္ထီလာ (၃၁–၁၂–၂၀၀၆)
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး လားရှိုး မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၂ မှ ၁၅၇) မုံရွာ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂၂၇ မှ ၃၄၀) မုံရွာ

**(၃–၁–၂၀၀၇)နေ့ (တတိယနေ့) နံနက် (၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၃၉။ ဝိဇ္ဇာဘွဲ့၊စီးပွားစီမံအထူးပြု(၁၆၂၇ မှ ၁၉၃၉) ရတနာပုံ (၃၁–၁၂–၂၀၀၆) မွန်းလွဲ (၂)နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး မြစ်ကြီးနား၊ မကွေး၊ ပခုက္ကူ
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု (၂ မှ ၁၄၂) မုံရွာ

**(၃–၁–၂၀၀၇)နေ့ (တတိယနေ့) မွန်းလွဲ (၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၄၀။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂၃၄၁ မှ ၂၅၉၃) ရတနာပုံ (၃၁–၁၂–၂၀၀၆)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၃၇၅ မှ ၁၅၁၂) မုံရွာ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး ကလေး
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၁၅၈ မှ ၃၁၃) မုံရွာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၃၁၉ မှ ၅၀၆) မုံရွာ

**(၆–၁–၂၀၀၇)နေ့ (ပထမနေ့) နံနက် (၉:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၄၁။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂၅၉၄ မှ ၂၉၀၈) ရတနာပုံ (၅–၁–၂၀၀၇)
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၀၁ မှ ၇၈၅) မိတ္ထီလာ နံနက်(၁၀)နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၅၁၄ မှ ၁၆၈၃) မုံရွာ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး ရွှေဘို၊ ကျိုင်းတုံ

**(၆–၁–၂၀၀၇)နေ့ (ပထမနေ့) မွန်းလွဲ (၂:၀၀)နာရီ** **အစမ်းလေ့ကျင့်ရက်**
၄၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု(၁၉၄၁ မှ ၂၂၁၁) ရတနာပုံ (၅–၁–၂၀၀၇)
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု (၄၂၃ မှ ၇၀၄) ရတနာပုံ နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ ရက္ခဗေဒအထူးပြု (၁၅၆ မှ ၃၁၄) မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး မကွေး၊ ပခုက္ကူ၊ ကလေး၊ ရေနံချောင်း

စာမျက်နှာ ၁၇ ကော်လံ ၁သို့

16-11 (16) 1 11/16/06, 1:23 PM

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ တိုးချဲ့ခြင်းလုပ်ငန်း ၉၄ ဒသမ ၆၇ ရာခိုင်နှုန်းပြီးစီးနေပြီး အချောသပ်လုပ်ငန်းများသာကျန်ရှိ လုပ်ငန်းများကို စံချိန်စံညွှန်းမီစွာ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်အတူ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

## ပဏာမရှင်းလင်းပြောကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား စီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံတိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုတို့နှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ယင်းနောက် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးကျေးက အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် လေဆိပ်အဆောက်အအုံတိုးချဲ့ခြင်းလုပ်ငန်း၊ ကားရပ်နားရန်နေရာနှင့် လေယာဉ်ဆီဂါလန်ကိုးသောင်းခန့်စီဆံ့ ဆီလှောင်ကန်သုံးလုံး တည်ဆောက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ❐





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုစာတမ်းများ ဖတ်ကြား

**ရန်ကုန် နိုဝင်ဘာ ၁၅**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## သဘာပတိ

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖိလစ်(ခေါ်) ဦးဖိလစ်ဆမ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။
***စာမျက်နှာ ၇ ကော်လံ ၅*** ■

## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၆ ရက် (ယနေ့)၌ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။**






**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်း အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)